# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၅၅)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ ၁၇-၇-၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### ကြွရောက်ချီးမြှင့်တော်မူ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊

စာမျက်နှာ ၃ သို့ ✰

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၆

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

မိုး/ဧလ

## ယနေ့ ဖတ်စရာအညွှန်း


ဝီလီကမ်ဘွာလာအား ပီလာရီးရဲလ်အသင်း ခေါ်ယူ

စာမျက်နှာ ၁၁

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှောင်းပဲ စိုက်ဧက ၆၁၀၀ ကျော် စိုက်ပျိုးပြီးစီး

စာမျက်နှာ ၁၃

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၇ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေးနေ့စဉ်

# ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ တင်သွင်းမှု လျှော့ချနိုင်ရေး၊ ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိသည်။

မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး ကျေးရွာများတွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ စိတ်တူကိုယ်တူဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး အသင်းသားတောင်သူများ၏ အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးမြေ စနစ်တကျပြုပြင်နိုင်ရေး၊ သွင်းအားစုများ ပံ့ပိုးပေးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ထွက်ရှိလာသော သီးနှံများနှင့် မွေးမြူရေးထုတ်ကုန်များ ဈေးကွက်ခိုင်မာမှုရရှိရေးတို့ကို လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ဈေးနှုန်းသက်သာပြီး အရည်အသွေးမှန်ကန်သော မျိုးနှင့် သွင်းအားစုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများအား တောင်သူများလက်ဝယ် စိုက်ပျိုးချိန်အမီ ရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သီးနှံများရဲ့ပန်းတိုင် အထွက်နှုန်းရရှိရေး၊ အရည်အသွေးပြည့်ဝသော သီးနှံများရရှိရေး အတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရန်၊ သွင်းအားစုများ စနစ်တကျထည့်သွင်းရန်၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာ အသုံးပြုလျက် သတ်မှတ်ကောက်ကွက်ပြည့်မီအောင် စိုက်ပျိုးကြရန်၊ ကြံပက်အစားတိုက်ရိုက်အစေ့ချစက်များ အသုံးပြုစိုက်ပျိုးရန်နှင့် တစ်နှစ် နှစ်သီးစိုက်ပျိုးနိုင်ရန် ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍ ဒေသနဲ့ကိုက်ညီသော ဈေးကွက်ရှိသော မွေးမြူရေးလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ပါက လိုအပ်သည့်မျိုး၊ အရင်းအနှီးများ ရရှိရေးပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တောင်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးအတွက် တောင်သူများကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဇူလိုင် ၁၅ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၊ တက်ရှိန်းကျေးရွာအုပ်စု၊ တက်ရှိန်းကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအုပ်စု (၈)ခုအတွင်းရှိ ကျေးရွာ(၁၄)ရွာမှ စိုက်ကေပေါင်း (၁၅၈၃)ကေတွင် မြေပဲ (၂၂၉)ကေ၊ နှမ်း (၃၆၈)ကေနှင့် နေကြာ(၄၈)ကေ စိုက်ပျိုးနေသည့် သမဝါယမအသင်း(၁၆)သင်းမှ အသင်းသားတောင်သူများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ တိုက်တွန်းပြောကြားသည်။

တောင်သူများအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ခဲ့သည့် သွင်းအားစုနှင့် ညီမျှသောငွေများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေများနှင့် သမဝါယမ Exim Bank ချေးငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကြေပေးသွင်းကြရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး၊ စက်မှုကုန်ကြမ်းသီးနှံ ဝါစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၁၆**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော "မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲ"ကို ကျောက်ဆည်မြို့၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းတွင် ယနေ့ နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမြင့်ဆွေ ရဲမှူးကြီး(ငြိမ်း)က အဖွင့်အမှာစကားပြောကြားကာ Panelilsts များဖြစ်သော ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်းက အမျိုးသမီးများနှင့် ဆက်နွယ်သော မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းမော်က မူးယစ်ဆေးဝါးနှင့် ဆေးလိပ်အန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဦးအောင်ကျော်စွာက လူငယ်များနှင့် Vape အန္တရာယ်၊ အဖွဲ့ဝင် ဒေါက်တာခြည်မောင်က Ketamine နှင့် Happy Water အန္တရာယ်၊ အဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေ ဦးစိုးညီညီဝင်းက မူးယစ်ဆေးဝါး ဥပဒေကြောင်းတို့ကို အသီးသီး ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မေးခွန်းများ မေးမြန်းကြရာ သက်ဆိုင်သူများက ပြန်လည်ဖြေကြားခြင်း၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းမှ တည်ထောင်အုပ်ချုပ်သူ ဒေါ်သင်းပျံ့ကြူမှ MANA(Mdy)အသင်းအား အလှူငွေပေးအပ်ခြင်း MANA(Mdy)အသင်းကလည်း လက်ကမ်းစာစောင်များ ပေးအပ်လှူဒါန်းခြင်း၊ အုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်နွယ်နွယ်အေးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၆**

(၇၇)နှစ်မြောက် အာဇာနည်နေ့အကြို အသိပညာပေးဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပြပွဲကို ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အသိပညာပေးဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီးနောက် အထက်တန်းပြဆရာမတစ်ဦးက အာဇာနည်နေ့၏ အဓိပ္ပာယ်၊ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လေးစားအားကျအတုယူဖွယ် အရည်အချင်းများကို ဆွေးနွေးဟောပြောခဲ့သည်။

၎င်းနောက် စာစီစာကုံးပြိုင်ပွဲကိုကျင်းပပြီး ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ အာဇာနည်နေ့ ဖြစ်ပေါ်လာပုံများနှင့် ဗိုလ်ချုပ်ဆောင်ဆန်းနှင့်တကွ အာဇာနည်ကြီး ၉ဦး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများ၊ မှတ်တမ်းဓာတ်ပုံများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

## မြို့ပြလမ်းတံတားလုပ်ငန်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်

**ရပ်စောက် ဇူလိုင် ၁၆**

ရပ်စောက်မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်းတံတားလုပ်ငန်း (၁၁)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ်(၁၅၇ ဒသမ ၂၅)သန်း၊ ရေပေးရေးလုပ်ငန်း (၄)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ်(၃၀ ဒသမ ၈၈)သန်း၊ အခြားလုပ်ငန်း (၃)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ်(၉ ဒသမ ၈၂၁)သန်း စုစုပေါင်းလုပ်ငန်း (၁၈)ခုအတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ်(၁၉၇ ဒသမ ၉၅၁)သန်း၊ ပထမ (၆)လပတ်တွင် ဆောင်ရွက်သည့်မြို့သာယာလှပရေးလုပ်ငန်း (၆)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ်(၂၂ ဒသမ ၈၆)သန်း၊ ပြင်ထိန်းလုပ်ငန်း (၃)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ်(၁ ဒသမ ၉)သန်း စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ်(၂၄ ဒသမ ၇၆)သန်းအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ကဆ)**

## အောင်လံမြို့ ၌ ၂၀၂၄ခုနှစ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**အောင်လံ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၇နာရီက အောင်လံမြို့၊ ဒုရင်ဗိုလ်ညောင်ပင်ဆိပ်သွားလမ်းဘေးဝဲ၊ ယာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တော ဦးစီးဌာနမှ တာဝန်ရှိသူများ၊ စိမ်းစိုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ တမာ ၁၀၀၀ ပင်အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews paper @ gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကပ်လှူပူဇော်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

### နာယူကြည်ညို

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက် လာကြသူများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

စာမျက်နှာ ၄ သို့ ☆







နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာသနဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီးတို့က မဟာသီဟနာဒကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီးတို့က ဝဲကြီးကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီးတို့က အောင်စည်သာကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် မဟာဝိသုတာရာမဈေးကုန်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြစဉ်။

☆ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

## ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီးဌာန၏ သန်းခေါင်စာရင်းနှင့် လူဦးရေဆိုင်ရာ စာရင်းဇယား၊ မှတ်တမ်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းများတွင် UNFPA အနေဖြင့် နှစ်ကာလရှည်ကြာစွာ အစဉ်တစိုက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှု၊ ၂၀၁၄ ခုနှစ်က ဆောင်ရွက်ခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်များတွင် ဝန်ကြီးဌာနနှင့် UNFPA တို့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံသို့ လာရောက်သည့် UNFPA မှ နိုင်ငံခြားသားဝန်ထမ်းများကို ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာ ခွင့်ပြုဆောင်ရွက်ပေးမှု၊ ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ရရှိသော လူဦးရေကိန်းဂဏန်း အချက်အလက်များကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်မည့်အခြေအနေ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများတွင် UNFPA အနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆွေးနွေး

**မန္တလေး ဇူလိုင် ၁၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့ ပူးပေါင်း၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆွေးနွေးပွဲ (Talk Show)ကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ Community Center ခန်းမတွင် ကျင်းပပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်စံပါယ်နှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသိန်းလွင် တို့က ပါဝင်ဆွေးနွေးထားကြကြောင်း သိရသည်။

(ဝ၉၃)

ဝ-ဝ-ဝ-ဝ

# သံအမတ်ကြီး ဦးဝဏ္ဏဟန် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဇူလိုင် ၁၆

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝဏ္ဏဟန်သည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၁၅ ရက်က အစ္စလာမာဘတ်မြို့၌ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဇစ် အလီဇာဒါရီ ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

# မမေ့ရက်နိုင်စရာ ယနေ့ထက်တိုင်ပါ

မန်းမြေမှ ပန်းသပြေ

ယခုနှစ် ၂၀၂၄ ခု၊ ဇူလိုင် ၁၉ ရက်သည် (၇၇)နှစ်မြောက် 'အာဇာနည်နေ့'ဖြစ်သည်။ မြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့အမျိုးမျိုးတို့၏လက်အောက် သူ့ကျွန်ဘဝမှလွတ်မြောက်ရလေအောင် နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားမျိုးနွယ်စုများ၏ဘဝ ချုပ်ချယ်မှုကင်းရှင်း၍ လွတ်လပ်သည့်ဘဝဖြင့် အေးချမ်းသာယာကြစေအောင် ဆင်းရဲနွမ်းပါးနုံချာသည့်ဘဝမှ စားဝတ်နေမှုနှင့် ဘဝရပ်တည်မှုတို့ သာယာလှပစေရအောင် စွမ်းဆောင်ကြိုးစားခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ လုပ်ကြံသတ်ဖြတ်ခံရသည့်နေ့ကို သမိုင်းစာမျက်နှာတွင် မှတ်တမ်းတင်သည့်အနေဖြင့်လည်းကောင်း၊ လွမ်းတသသ သတိရသည့်အနေဖြင့်လည်းကောင်း 'အာဇာနည်နေ့'ဟု မှတ်မှတ်သားသားဂုဏ်ပြုလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၇၇)နှစ်ပင်ပြည့်မြောက်ခဲ့ပါပြီ။

ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ပြန်လည်သတိရမိသည်မှာ -

ရှေးယခင်က မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ဘုန်းကံတန်ခိုးကြီးမားစွာ နေထိုင်လာခဲ့ကြသည်။ မြန်မာတို့၏ ပြည့်လက်ရုံးဖြစ်သည့် တပ်မဟာကြီး၏ သူရသတ္တိ၊ မျိုးချစ်စိတ်ဓာတ်များကြောင့် အိမ်နီးချင်းနိုင်ငံများက အလေးအမြတ်ထား၍ လေးစားခဲ့ကြရသည်။ သို့သော် မြန်မာတို့၏ စည်းလုံးညီညွတ်မှုအင်အား လျော့ပါးလာချိန်တွင် နယ်ချဲ့ဗြိတိသျှတို့သည် ခေတ်မီလက်နက်အားကိုးဖြင့် မြန်မာနိုင်ငံကို သုံးကြိမ်တိုင်အောင် နယ်ချဲ့ကျူးကျော်ရန်စလာသည်မှစ၍ နောက်ဆုံး ၁၈၈၆ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးကို သူ့ကျွန်ဘဝ သွတ်သွင်းခဲ့သည်။ ထိုသည်မှစ၍ မြန်မာတို့သည် အနှစ်တစ်ရာကျော်တိုင်အောင် သူ့ကျွန်ဘဝ ရောက်ခဲ့ရသည်။

မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့ သိမ်းပိုက်ထားပြီးနောက် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုပါမကျန် ဖိနှိပ်ချုပ်ချယ်ခြင်းခံခဲ့ရသည်။ ဆိုရပါမူ နိုင်ငံရေးအသိအမြင်နည်းပါးလာအောင် နိုင်ငံရေးအမှောင်ချခြင်း၊ တိုင်းရင်းသားမျိုးနွယ်စုများ တစ်ဦးနှင့်တစ်ဦး စည်းလုံးမှုပျက်ပြားစေရန် သွေးခွဲအုပ်ချုပ်ခြင်း၊ သူတို့ကို ဆန့်ကျင်သူမှန်သမျှ မညှာမတာရက်စက်စွာ ဖမ်းဆီးနှိပ်စက်ခြင်း၊ လယ်ယာခွန်များကို တိုးမြှင့်ကောက်ခံခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများကို အဆမတန်ဈေးနှိမ်ဝယ်ယူခြင်း၊ အလုပ်သမားများ၏ လုပ်အားခများကို တန်ရာတန်ကြေးမပေးဘဲ ခေါင်းပုံဖြတ်ခံခဲ့ကြရသည်။ နိုင်ငံမှထွက်သော နိုင်ငံပိုင်သယံဇာတများကိုလည်း စိတ်တိုင်းကျ စိတ်ကြိုက်လက်ဝါးကြီးအုပ် ကုပ်သွေးစုပ်ခဲ့ကြသည်။ ထို့ပြင် နိုင်ငံတော်တွင် ပညာတတ်များပေါ်များလာပါက သူတို့၏အုပ်ချုပ်ရေးယန္တရား ပျက်ပြားမည်စိုးသဖြင့် သူတို့၏လုပ်ရပ် အခွန့်ရှည်အောင် ကိုလိုနီပညာရေးစနစ်သာ ပြဋ္ဌာန်းခဲ့သည်။ မြန်မာတို့ အထွတ်အမြတ်ထားရာ ကိုးကွယ်မှုဘာသာကိုလည်း စော်ကားမော်ကားပြုခဲ့ကြရုံသာမက အခြားဘာသာများကို ယုံကြည်ကိုးကွယ်လာအောင် သွေးဆောင်စည်းရုံးခြင်းတို့ဖြင့် ကဏ္ဍများစွာ ချုပ်ကိုင်ခြယ်လှယ်ခဲ့ကြသည်။

ထို့ကြောင့် 'အမျိုးကိုထိလျှင် မချိအောင်နာ' တတ်ကြသည့် မျိုးချစ်သူရဲကောင်းများသည် 'သူ့ကျွန်အဖြစ် နှံ့နှစ်သည်ထက် သေသော်မှတည့် ဩော်ကောင်း၏'ဟု မှတ်ယူ၍ ရရာလက်နက်ဆွဲကိုင်ကာ နေရာဒေသအသီးသီးတွင် တော်လှန်ခဲ့ကြသည်။ နယ်ချဲ့တို့ကို တော်လှန်ရာ၌ ဝါးရင်းတုတ်မျှဖြင့်သာ တော်လှန်၍မရနိုင်ကြောင်း သိလာသဖြင့် ခေတ်မီလက်နက်များရရှိနိုင်ရေးနှင့် လက်နက်အင်အားတောင့်တင်းနိုင်ရေးအတွက် နိုင်ငံခြားအကူအညီရှာဖွေခဲ့ကြသည်။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာ ၃ ရက်မှစ၍ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသည်ကို အခွင့်ကောင်းယူ၍ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် သခင်အောင်ဆန်း၊ သခင်လှမြိုင်နှင့် ဗိုလ်ရန်အောင်တို့သည် ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ် ၈ ရက်တွင် ဟိုင်လီအမည်ရှိ သင်္ဘောဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့သည်။ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် အမွိုင်တွင် ဂျပန်စစ်ဘက်နှင့် အဆက်အသွယ်ရ၍ အမွိုင်မှ တိုကျိုမြို့သို့ လိုက်သွားခဲ့သည်။ တိုကျိုသို့ရောက်သောအခါ သခင်အောင်ဆန်း၏ အကြံပေးချက်အရ မြန်မာနိုင်ငံမှ မျိုးချစ်လူငယ်များကို လျှို့ဝှက်စွာခေါ်ယူ၍ စစ်ပညာများသင်ကြားစေခဲ့သည်။ ထို့နောက် မျိုးချစ်တပ်မတော်သည် ဂျပန်တို့၏ စစ်ရေးအကူအညီဖြင့် မြန်မာနိုင်ငံအတွင်းရှိ နယ်ချဲ့ကိုလိုနီဗြိတိသျှတို့ကို မြန်မာ့မြေပေါ်မှ မောင်းထုတ်နိုင်ခဲ့သည်။ မိတ်ဆွေဟုထင်ရသော ဂျပန်တို့သည် လူမဆန်စွာ ကြင်နာမှုကင်းနိုပ်စက်ခြင်းများဖြင့် ဂျပန်တို့၏ ဖက်ဆစ်သရုပ် မစင်ပုပ် ပွင့်ထုတ်လာသောအခါ ပြည်သူများအတွက် မဟာမိတ်တို့နှင့် ပေါင်းကာ ဖက်ဆစ်ဂျပန်တို့ကို တစ်ဖန်တိုက်ထုတ်ရပြန်ပါသည်။ ထိုသို့ဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အမျိုးမျိုးကြိုးစားခဲ့ကြရာမှ လွတ်လပ်ရေးရခါနီး ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၉ ရက်သို့ရောက်သောအခါ မသမာသူနယ်ချဲ့ လက်ပါးစေလူတစ်စု၏ ယုတ်မာရက်စက်မှုကြောင့် အသက်စွန့်ခဲ့ကြရသည်။ သွေးမြေကျခဲ့ကြရသည်။

**၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ ၁၃၀၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် စနေနေ့။**

ထိုနေ့သည်ကား နံနက်ပိုင်းမှစ၍ ရန်ကုန်တစ်မြို့လုံး မိုးဖွဲဖွဲလေးများရွာသွန်းနေသည်။ ထိုသို့ မိုးဖွဲလေးများ အုံ့မှိုင်းရီဝေနေသောအချိန် အတွင်းဝန်ရုံးအစည်းအဝေးခန်းမ၌ နိုင်ငံတော်ဝန်ကြီးများသည် နိုင်ငံတော်အတွက် အထူးအရေးပါသော အစည်းအဝေးတစ်ရပ် ကျင်းပနေကြသည်။ ထိုအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်မြ၊ ဦးရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်၊ ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားစဝ်စံထွန်း၊ အတွင်းဝန် ဦးရွှေဘော်၊ အတွင်းဝန် ဦးအုန်းမောင်တို့ ဖြစ်ကြသည်။

ထိုနေ့၏ နံနက် ၁၀ နာရီ ၃၇မိနစ်အချိန်တွင် နန်းရင်းဝန် ဂဠုန်ဦးစော၏ တပည့်များဖြစ်ကြသော သုခ၊ မောင်စိုး၊ သက်နှင်း၊ စိန်ကြီး၊ ရန်ကြီးအောင်တို့သည် အတွင်းဝန်ရုံးသို့ ဂျစ်ကားနံပါတ်အတု RC.1814ဖြင့် ရောက်ရှိလာကြသည်။ သူတို့၏ ခန္ဓာကိုယ်တွင် အမှတ်(၁၂)ခြသေ့်တပ်၏ မဟာမိတ်တံဆိပ်များ တပ်ဆင်ထားသော ယူနီဖောင်းများ ဝတ်ဆင်ထားကြသည်။ သုခသည် ကားကို အသင့်အနေအထား ဆောင်ရွက်ထား၍ မောင်စိုး၊ သက်နှင်း စိန်ကြီးနှင့် ရန်ကြီးအောင်တို့သည် ဝန်ကြီးများ အစည်းအဝေးကျင်းပရာ အတွင်းဝန်ရုံးအတွင်း ဝင်၍ အသင့်ပါလာသော သေနတ်ဖြင့် ထွေယမ်းပစ်ခတ်ကြသည်။ ထိုလူသတ်သမား လူယုတ်မာများ၏ ရက်စက်စွာသတ်ဖြတ်မှုကြောင့် နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ၃၂ နှစ်၊ ဘဏ္ဍာရေးဝန်ကြီး သခင်မြ ၄၉ နှစ်၊ ပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချို ၅၄ နှစ်၊ ပညာရေးနှင့်အမျိုးသားစီမံကိန်းဝန်ကြီး ဦးရာဇတ် ၄၉ နှစ်၊ ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးဘဝင်း ၄၆ နှစ်၊ စက်မှုလက်မှုနှင့် အလုပ်သမားဌာနဝန်ကြီး မန်းဘခိုင် ၄၃ နှစ်၊ နယ်ခြားဒေသဆိုင်ရာ အတိုင်ပင်ခံဝန်ကြီး မိုင်းပွန်စော်ဘွား စဝ်စံထွန်း ၄၀ နှစ်၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွင်းဝန် ဦးအုန်းမောင် ၃၄ နှစ်နှင့် ဝန်ကြီးဦးရာဇတ်၏ သက်တော်စောင့် ရဲဘော်မောင်ထွေး ၁၈နှစ်တို့သည် နိုင်ငံတော်အတွက် အသက်စွန့်လွှတ်ခဲ့ရသည်။

ဗိုလ်ချုပ်၊ သခင်မြ၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ ဦးအုန်းမောင်တို့ ခြောက်ဦးသည် အစည်းအဝေးခန်းမတွင်ပင် ကျဆုံးသွားကြပြီး ဒီးဒုတ်ဦးဘချိုနှင့် မိုင်းပွန်စော်ဘွား စဝ်စံထွန်းတို့ နှစ်ဦးမှာ ရန်ကုန်ဆေးရုံကြီး၌ ဆေးကုသခံယူနေစဉ် ကျဆုံးသွားခဲ့ကြသည်။ ရဲဘော်မောင်ထွေးသည် အစည်းအဝေးတွင် မပါဝင်သော်လည်း ဦးရာဇတ်၏ သက်တော်စောင့်ဖြစ်သဖြင့် အစည်းအဝေးခန်းမမှ သေနတ်သံများကြောင့် ပြေးတက်လာစဉ် သတ်ဖြတ်ခံလိုက်ရခြင်းဖြစ်သည်။ အစည်းအဝေးတွင် အတူတက်နေကြသူများအနက် ဝန်ကြီးပျော်ဘွယ်ဦးမြနှင့် အတွင်းဝန် ဦးရွှေဘော်တို့သည် နီးစပ်ရာ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ထို့ပြင် ဝန်ကြီး ဦးဘဂျမ်းနှင့် ဝန်ကြီးဦးအောင်ဇံဝေတို့သည် ခုံပေါ်၌ ထိုင်နေကြရာမှ ကြမ်းပြင်ပေါ်သို့ အချိန်မီ ဝမ်းလျားမှောက်ချနိုင်သဖြင့် အသက်ချမ်းသာရာရသွားခဲ့သည်။ ထို့သို့ သေနတ်သမား လူယုတ်မာများကြောင့် နိုင်ငံတော်အတွက် တန်ဖိုးရှိလှသော အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်။

ဂဠုန်ဦးစောသည် အတ္တကြီးမားသူဖြစ်သည်။ ကိုယ့်ထက်သာ မနာလိုစိတ်ပြင်းပြ၍ အကြံကြီးသည်။ ကလိမ်ကကျစ်ဉာဏ်များသည်။ ကောက်ကျစ်စဉ်းလဲသည်။ နိုင်ငံတော်၏ အရေးပါသောနေရာတွင် ပါဝင်သောသူဖြစ်သော်လည်း သူ၏ အာဏာတည်တံ့ရေးအတွက် နယ်ချဲ့တို့၏လက်ပါးစေ ကျွန်စိတ်မကင်းပေ။ ဗြိတိသျှလက်အောက်တွင် နန်းရင်းဝန်အဖြစ် အမှုထမ်းဆောင်ကာ နယ်ချဲ့တို့နှင့် ပေါင်း၍ အစဉ်အမြဲ နိုင်ငံတော်ပျက်စီးကြောင်း ကြံစည်နေသည်။ အာဏာကို မက်မောသူပီပီ ဗိုလ်ချုပ်တို့ကို မနာလို မကြည်ဖြူ။ လုပ်ကြံသတ်ဖြတ်ရန်သာ နည်းမျိုးစုံဖြင့် ကြံစည်နေခဲ့သူဖြစ်သည်။

သို့သော် ဗိုလ်ချုပ်သည် ပုဂ္ဂိုလ်ရေးအာဃာတ မထားတတ်။ အပြောအဆို တိုတောင်းပြတ်သားသော်လည်း ပင်ကိုယ်စိတ်ထား ကောင်းမွန်သည်။ မိမိကိုယ်ကိုယ်လည်း ရန်သူမရှိဟု ယူဆသည်။ လုပ်ကြံရန် ကြံစည်နေသည်ဆိုသော သတင်းကိုလည်း မယုံကြည်ခဲ့။ လူတိုင်းအပေါ် ယုံကြည်စိတ်ချနိုင်ခဲ့သည့် ဗိုလ်ချုပ်စိတ်ဓာတ်သည် လွန်စွာမှ မွန်မြတ်လှသည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိပါ။ ဦးစော နှင့် လူသတ်သမားများကို ထိုနေ့ မွန်းလွဲ ၂ နာရီ ခန့်မှာပင် သောင်းကျန်းမှုနှိမ်နင်းရေးတပ် တပ်ရင်း(၁)မှ ဗိုလ်သိန်းတန် ဦးစီးသောတပ်ခွဲမှ ဖမ်းဆီးလိုက်ပါသည်။ ဦးစော၏တပည့်ရင်း ဖော်ကောင်ဘညွှန့်မှလွဲ၍ သုခ၊ ခင်မောင်ရင်နှင့် မောင်နီတို့ သုံးဦးတို့ကို သေဒဏ်မှ တစ်သက်တစ်ကျွန်းပြစ်ဒဏ်ထိလျှော့ချပြီး ဂဠုန်ဦးစော အပါအဝင် ခြောက်ဦးတို့ကို ၁၉၄၈ ခုနှစ်၊ မေ ၈ ရက်တွင် ကြိုးပေးကွပ်မျက်ခဲ့သည်။ ဤသည်ကား မကောင်းမှုတို့၏ရလဒ်၊ ယုတ်မာသူတို့၏ သွားရာလမ်းပင် ဖြစ်သည်။

နိုင်ငံ၏လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ကြသည့် အမျိုးသားခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးလေပြီးသော မျိုးချစ်သူရဲကောင်းများ၏ စွန့်လွှတ်အနစ်နာခံ ဆောင်ရွက်ခဲ့မှု ကျေးဇူးတရားများကို နောင်လာနောက်သားများသိရှိစေ၍ မမေ့မလျော့စေဖို့၊ အမျိုးကိုချစ်သည့် 'မျိုးချစ်စိတ်'များ ရှင်သန်ထက်မြက်စေဖို့၊ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာရှိစေဖို့ 'အာဇာနည်နေ့'အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည့် နိုင်ငံတော်၏ စေတနာကို များစွာ တန်ဖိုးထားသင့်ပေသည်။

အချုပ်အားဖြင့် မြန်မာနိုင်ငံ၏ကျေးဇူးရှင် အာဇာနည်ခေါင်းဆောင်ကြီးများ ကျေးဇူးတရားကို အလေးထားလျက် မမေ့မလျော့သော သတိတရားဖြင့် နိုင်ငံတော်၏ အရေးအကြီးဆုံးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသော အမျိုးသားရေးတာဝန်ကြီး သုံးရပ်ကို ထိရောက်အောင်မြင်စွာ သယ်ပိုးထမ်းရွက်ကြရမည်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ ကြိုးပမ်းပေးခဲ့သဖြင့် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်များ စတေးသွားခဲ့ကြရသည်ကို ယနေ့ထက်တိုင်ပင် မမေ့ရက်နိုင်ဘဲ ရှိနေပါတော့သည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ


## Trap ရုပ်ရှင်ကား Taylor Swift ဖျော်ဖြေပွဲမှ ဖြစ်ရပ်မှန်ကို ရိုက်ကူးထား




ဒါရိုက်တာအမ်နိုက်ရှာယာမာလန်းက Trap ရုပ်ရှင်ကို ကိုယ်တိုင်ရေးသားရိုက်ကူးထားရာ တေလာဆွစ်ဖျော်ဖြေပွဲထဲမှ Silence of the Lamp အဖြစ်အပျက်တစ်ခုကိုတင်စား၍ တကယ့်ဖြစ်ရပ်မှန်ကို ရိုက်ကူးထားသည်ဟု ပြောကြားထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Silence of the Lamp ရုပ်ရှင်တွင် စိတ္တဇလူသတ်သမားတစ်ဦးကိုဖမ်းရန် ထောင်ကျနေသည့် စိတ္တဇလူသတ်သမားတစ်ဦး၏အကူအညီကို ယူ၍ ကြိုးစားပုံကို ရိုက်ကူးထားပြီး အော်စကာငါးဆုရထားရာ Trap တွင်လည်း စိတ္တဇလူသတ်သမားကိုဖမ်းရန် ဖျော်ဖြေပွဲတစ်ခုဟန်ဆောင်ဖန်တီးခဲ့သဖြင့် တေလာဆွစ်ဖျော်ဖြေပွဲကို Silence of the Lamp ဟု တင်စားထားခြင်း ဖြစ်သည်။

ယင်းရုပ်ရှင်တွင် ဂျိုဟာနက်နှင့်အတူ အာရီရယ်ဒိုနိုဟူးနှင့် ဒါရိုက်တာ၏သမီး ဆာလီကာရှာယာမာလန်းတို့ ပါဝင်ထားကြသည်။ (SKY)




## ကီတိုအစားအစာထိန်းချုပ်မှုပုံစံကျင့်သုံးလျှင် မှတ်ဉာဏ်ပျောက်ဆုံးမှုကို လျှော့ချနိုင်မည်

အသက်အရွယ်ရလာလျှင် ဇရာ၏လက္ခဏာအမျိုးမျိုးကို လူတိုင်းတွေ့ကြုံရသည်မှာ ဓမ္မတာပင်ဖြစ်သည်။

အရေပြားပေါ်ရှိအရေးအကြောင်းများနှင့် အခြားချွတ်ယွင်းချက်များကို ပလတ်စတစ်ဆာဂျရီနည်းလမ်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်သော်လည်း မှတ်ဉာဏ်ပျောက်ဆုံးမှုကို ကုစားရန်အများစုအခက်တွေ့နေကြရသည်။

အထူးသဖြင့် အယ်လ်ဇိုင်းမားရောဂါ၏ အစဦးလက္ခဏာတစ်ခုဟုဆိုရမည့် ယင်းမှတ်ဉာဏ်ထိခိုက်ပျောက်ဆုံးမှုကို အမေရိကန်အာဟာရဗေဒပညာရှင်များက ဖြေရှင်းနိုင်ရန်ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

ဓာတ်ခွဲခန်းကြွက်များကို ကီတိုအစားအစာထိန်းချုပ်မှုပုံစံဖြင့် မကြာသေးမီကလက်တွေ့စမ်းသပ်ကြည့်ရာ မှတ်ဉာဏ်တိုးတက်မှုရှိကြောင်းတွေ့ရှိခဲ့သဖြင့် လူတို့တွင်လည်း ထိုပုံစံက မှတ်ဉာဏ်ပျောက်ဆုံးမှုကို လျှော့ချပေးနိုင်မည်လိမ့်မည်ဟု ကောက်ချက်ချခဲ့ကြောင်း သိရသည်။ (SCI)

## BTS မှ Jin က Fred x Special Olympics တို့နှင့် ပူးပေါင်း၍ မသန်စွမ်း အားကစားသို့ လှူဒါန်းထား



ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်သည် သင်တန်းအပြီး အနုပညာလုပ်ငန်းများနှင့် အချိန်ပြည့်နေရာမှ အိုလံပစ်မီးရှူးတိုင်ကိုင်ရန် ရွေးချယ်ခံရပြီးနောက် များစွာသောကုန်အမှတ်တံဆိပ်များ ကမ်းလှမ်းခံရပြီး Fred ရတနာဆိုင်၏ စပါယ်ရှယ်အိုလံပစ်ထုတ်လုပ်မှုတို့ ပူးပေါင်း၍ ကုန်ပစ္စည်းရောင်းချရာမှ မသန်စွမ်းအားကစားသမားများသို့ ရရှိသောအမြတ်ငွေများလှူဒါန်းသွားမည်ဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Fred ရတနာဆိုင်မှာ ၁၉၃၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ စတင်တည်ထောင်ခဲ့ပြီး လက်ဝတ်ရတနာနှင့် နာရီကုန်အမှတ်တံဆိပ်ဖြစ်ကာ ၈၈ နှစ်ကြာမှ ပထမဦးဆုံးအကြိမ်အဖြစ် Global Ambassador ကို ဂျင်အား စတင်ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

ဂျင်ဝတ်ဆင်ထားသည့် လက်ဝတ်ရတနာများမှာ Fred Force 10 Spec-ial Olympic Bracelet များဖြစ်ပြီး ကြေညာပြီးတစ်ခဏအတွင်း ရောင်းကုန်သွားခဲ့ရာ ရရှိသောအမြတ်ငွေများကို ဉာဏ်ရည်မသန်စွမ်းအားကစားသမားများထံ လှူဒါန်းသွားရန် ဖြစ်သည်။ (SKY)

## Lady Gaga ၏ပရိသတ်များက V ၏ TYPE 1 ကို ဂီတထင်၍ အားပေးရန် ပြင်ဆင်နေကြ

နာမည်ကျော်အဆိုတော် လေဒီဂါဂါနှင့် ဘီတီအက်စ်မှ ဗွီ(ခေါ်)ကင်ထယ်ယောင်းတို့ ဂရမ်မီဆုပေးပွဲတွင် ရင်းနှီးခဲ့ကြပြီး လေဒီဂါဂါ ပရိသတ်များက TYPE 1 Photobook ကို ဂီတထင်၍ အားပေးရန်ပြင်ဆင်နေကြသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



လေဒီဂါဂါ၏ပရိသတ်များက ဗွီနှင့်ရင်းနှီးမှုရှိသည်ကိုသိကြပြီး Ga Ga's Industy Son ဟုခေါ်ကြကာ ထွက်ရှိလာမည့် TYPE 1 Photobook ကို ဂီတထင်၍ အချင်းချင်းအားပေးကြရန် လူမှုကွန်ရက်တွင် ပြင်ဆင်ထားကြသည်။

ဗွီ(ခေါ်)ကင်ထယ်ယောင်းကို ကမ္ဘာတစ်ဝှမ်း ပရိသတ်ချစ်ခင်အားပေးထားကြရာ Grammy နှင့် Oscar ဆုရှင်ဂျိုဘာတီတီးကလည်း ကင်ထယ်ယောင်းမှာ သူ၏ Role Model စံပြဖြစ်ပြီး ပူးပေါင်းလုပ်ဆောင်ချင်သည်ဟု ပြောကြားထားသည်။

လေဒီဂါဂါနှင့် ဗွီတို့ ၂၀၂၂ ဂရမ်မီဆုပေးပွဲတွင် အတူတွေ့ပြီး ရင်းနှီးခဲ့ကြသောပုံရိပ်များက ကမ္ဘာ့ပရိသတ်တို့အထူးဆွဲဆောင်နိုင်ခဲ့သည်။ (SKY)

## Wang Yibo ကို GRAZIA Singapore မှ ဖက်ရှင်အကျဆုံး အနုပညာရှင်စာရင်းတွင် ထည့်ထား



တရုတ်အနုပညာရှင် ဝမ်ရိဘိုကို GRAZIA Singapore က Paris Men's Fishion Week Spring၊ Smmer 2025 ကို တက်ရောက်ခဲ့သည်ဟု အနုပညာရှင်များတွင် ဖက်ရှင်အကျဆုံးဝတ်နိုင်သည့် အနုပညာရှင်များတွင် ထည့်သွင်းရွေးချယ်ထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်ရိဘိုသည် Loewe ၏ ကမ္ဘာလုံးဆိုင်ရာ သံတမန်အသစ်အဖြစ် အဆိုပါပွဲကို တက်ရောက်ခဲ့ရာ Toilored Jackets အောက်မှ အလွှာအထပ်ထပ်ရှိ Colourful Shirt and Knits သည် ရှင်မြူးတက်ကြွစေသည်စိတ်ကို ပွဲတင်ထပ်စေသည့် တံဆိပ်ဖြစ်သည့် ဖက်ရှင်စတိုင်လ်နှင့် တက်ရောက်ခဲ့သည်။

ထို့အပြင် ဝမ်ရိဘိုနှင့် Loewe မှာ အကျော်ကြားဆုံး Brand Enoerse-ment List တွင် ထိပ်ဆုံးနေရာရရှိထားကာ Loewe က သူ၏ ဝက်ဘ်ဆိုက်ရှေ့ဆုံးစာမျက်နှာတွင် ဝမ်ရိဘိုကို ဖော်ပြထားပြီး China Time သတင်းစာကလည်း ခေါင်းစဉ်သတင်းအဖြစ် ဝမ်ရိဘို ပထမဆုံးတက်ရောက်ခဲ့သည်ဟု ဖော်ပြထားသည်။ (SKY)

## Vidyut Jammwal က ကိုယ်တိုင်ထုတ်လုပ်ခဲ့သည့် ရုပ်ရှင် အရှုံးပေါ်၍ ဆပ်ကပ်တွင် အလုပ်လုပ်ခဲ့



ကွန်မန်ဒိုမင်းသားဟု လူသိများသည့် ဘောလိဝုဒ်သရုပ်ဆောင် ဗစ်ရပ်ဂျမ်ဝေါလ်က ကိုယ်တိုင်ထုတ်လုပ်ခဲ့သည့် အက်ရှင်ကား Crakk- Jeete-gaa Toh Jiyegee ရုပ်ရှင်ကား အရှုံးပေါ်ခဲ့၍ကြွေးတင်ခဲ့ပြီး ပြင်သစ်ဆပ်ကပ်တွင် အလုပ်လုပ်ခဲ့ရသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယင်းကားရုံတင်ပြီးနောက် သူငယ်ချင်း၏ ပြင်သစ်ဆပ်ကပ်တွင် ၁၄ ရက်ကြာ အလုပ်လုပ်ခဲ့ပြီး အိမ်ပြန်လာကာ ကုဋေချီပြီး ဆုံးရှုံးသွားသည့် ငွေများကြောင့် နောက်ထပ်မဆုံးရန် ဘာလုပ်ရင်ကောင်းမလဲဟု တွေးနေမိသည့်ဟုဆိုကာ နောက်သုံးလကြာမှ ကြွေးကြေသွားခဲ့သည်ဟု ပြောသည်။ (SKY)

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ဒုတိယသမ္မတအဖြစ် ပါဝင်ရွေးကောက်ခံရန် ထရမ့်က ဗန့်စ်ကို အတည်ပြုရွေးချယ်ထား



**ဝါရှင်တန် ဇူလိုင် ၁၆**

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ဒုတိယသမ္မတအဖြစ် ပါဝင်ရွေးကောက်ခံရန် ရီပတ်ဘလီကန်ပါတီ ကိုယ်စားပြု သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်က ဂျေဒီဗန့်စ်ကို အတည်ပြုရွေးချယ်ထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။


၂၀၁၆ သမ္မတရွေးကောက်ပွဲတွင် ထရမ့်အနေဖြင့် အင်ဒီယာနာပြည်နယ်အုပ်ချုပ်ရေးမှူး မိုက်ခ်ပင့်စ်ကို ဒုတိယသမ္မတနေရာတွင် ယှဉ်ပြိုင်အရွေးခံရန် ရွေးချယ်ခဲ့သော်လည်း ယခုနှစ်တွင် အသက် ၃၉ နှစ်အရွယ် အိုဟိုင်းယိုးနယ်သား ဗန့်စ်ကို တစ်မူထူးခြားစွာ ရွေးချယ်ခဲ့သည်။

ဗန့်စ်သည် နိုင်ငံရေးသဘောတရားနှင့် ပတ်သက်၍ ထရမ့်နှင့် အလွန်နီးစပ်မှုရှိပြီး ကုန်သွယ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ နိုင်ငံခြားရေးမူဝါဒများနှင့် ပတ်သက်၍လည်း ၎င်းတို့နှစ်ဦး ရှုမြင်ပုံတူညီကြသည်။

ဗန့်စ်ဟာ အကြောင်းကြီးငယ်ကိစ္စအရပ်ရပ်နဲ့ ပတ်သက်ရင် ထရမ့်ရဲ့ ကိုယ်ပွားပါပဲဟု သမ္မတဂျိုးဘိုင်ဒင်က ထောက်ပြဝေဖန်ခဲ့ဖူးကြောင်း သိရသည်။

**Mon**

0-0-0-0-0



အာဖရိကတိုက်တောင်ပိုင်း မာဘူးအမြဲစိမ်းတောတွင်း တစ်နေရာမှ အသစ်တွေ့ရှိမှတ်တမ်းတင်ခဲ့ရသော မာဘူတောင် ပုတ်သင်ညိုတစ်ကောင်ကို တွေ့ရစဉ်။

**Mon**

## လူတို့ စခန်းချခိုလှုံနေထိုင်နိုင်မည့် မြေအောက်လိုဏ်ဂူ လပေါ်၌ ရှိနေသည်ကို သိပ္ပံပညာရှင်များ အတည်ပြု

**ဝါရှင်တန် ဇူလိုင် ၁၆**

လူတို့ စခန်းချခိုလှုံနေထိုင်နိုင်မည့် မြေအောက်လိုဏ်ဂူ လပေါ်၌ ရှိနေသည်ကို သိပ္ပံပညာရှင်များ မကြာသေးမီက အတည်ပြုနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လပေါ်သို့ အာကာသယာဉ်များ စေလွှတ်ပြီးနောက် လူတို့အခြေစိုက်နေထိုင်နိုင်မည့် စခန်းများ တည်ထောင်ရန်အထိ မျှော်မှန်းနေကြပြီဖြစ်ရာ ထိုသဘာဝမြေအောက်လိုဏ်ဂူတွေ့သော သတင်းမှာ လပေါ်၌ အခြေချနေထိုင်မည့်သူများအတွက် သတင်းကောင်းပင် ဖြစ်သည်။

စင်စစ်တွင် လ၏ မျက်နှာပြင်ပေါ်၌ လူတို့နေထိုင်ရန် အခြေစိုက်စခန်း ဆောက်လုပ်နိုင်သော်လည်း ရေဒီယိုသတ္တိကြွအလင်းတန်းများ၊ ပြင်းထန်သော အပူချိန်နှင့် ဥက္ကာခဲများ၏ အန္တရာယ်က ကြီးမားလှသည်။

ယခုတွေ့ရှိအတည်ပြုထားသည်ဆိုသော မီတာ ၁၀၀ နက်သည့် မြေအောက်လိုဏ်ဂူက ထိုအန္တရာယ်မှ လူတို့ကို ကာကွယ်ပေးနိုင်မှာ သေချာသည်ဟု ဗြိတိန်နိုင်ငံ၏ ပထမဆုံး အာကာသယာဉ်မှူး ဟယ်လင်ရှာမန်းက ထုတ်ဖော်ပြောကြားသည်။

၁၉၆၉ ခုနှစ်က အမေရိကန်အာကာသစူးစမ်းလေ့လာရေးအဖွဲ့က လွှတ်တင်သည့် အပိုလို ၁၁ အာကာသယာဉ် ဆင်းသက်ခဲ့သည့် ကျောက်သားလွင်ပြင် တစ်နေရာတွင် ထိုလိုဏ်ဂူကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ကျွန်ပြုခံခဲ့ရသည့် အိန္ဒိယနိုင်ငံသား ၃၃ ဦးကို အီတလီနိုင်ငံမြောက်ပိုင်းမှ လွှတ်ပေးလိုက်ပြီ

**ရောမ ဇူလိုင် ၁၆**

ကျွန်ပြုခံခဲ့ရသည့် အိန္ဒိယနိုင်ငံသား ၃၃ ဦးကို အီတလီနိုင်ငံမြောက်ပိုင်းမှ လွှတ်ပေးလိုက်ပြီဖြစ်သည်ဟု ဒေသခံရဲတပ်ဖွဲ့က ဇူလိုင် ၁၅ ရက်တွင် အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းတို့ကို အီတလီသို့ ရောက်အောင် ခေါ်ဆောင်ကာ အလုပ်စီစဉ်ပေးပြီး ခေါင်းပုံဖြတ်အမြတ်ထုတ်ခဲ့သော အိန္ဒိယနိုင်ငံသား နှစ်ဦးကို အီတလီရဲတပ်ဖွဲ့က အမေရိကန်ဒေါ်လာ ၅၄၅၃၀၀ ခန့်နှင့် ညီမျှသည့် စတာလင်ပေါင် ၄၂၀၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလုပ်ရှင်ဖြစ်သူ အီတလီနိုင်ငံသားကိုလည်း ရာဇဝတ်မကင်းသော လျစ်လျူရှုမှုဖြင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိသည်။

ကျွန်ပြုခံခဲ့ရသူ ၃၃ ဦးကို အဆိုပါ အိန္ဒိယနိုင်ငံသား နှစ်ဦးက ခြံအလုပ်သမားအဖြစ် အီတလီနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့်ရမည်ဟု စည်းရုံးပြောဆိုကာ ခေါ်ဆောင်လာခဲ့သော်လည်း အီတလီသို့ ရောက်လျှင်ရောက်ချင်း ပတ်စ်ပို့များကို သိမ်းကာ လုပ်ခနည်းသော ခြံလုပ်ငန်းထဲသို့ သွင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## တရုတ်နိုင်ငံ၏ ဝယ်လိုအားလျော့နည်းလာမှုကြောင့် ရေနံဈေးနှုန်းများ အကျဘက်သို့ ဦးတည်လျက်ရှိ



**ဝါရှင်တန် ဇူလိုင် ၁၆**

ယခုနှစ် ဒုတိယသုံးလအတွင်း တရုတ်နိုင်ငံ၏ ဝယ်လိုအားလျော့နည်းလာမှုကြောင့် ရေနံဈေးနှုန်းများ အကျဘက်သို့ ဦးတည်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၁၆ ရက်က ကမ္ဘာ့ရေနံဈေးသည် ဘရင့်ဈေးကွက်၌ ၂၁ ဆင့်အထိ၊ အနောက်တက္ကဆက်ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် ၂၅ ဆင့်အထိ ဈေးကျခဲ့သည်။

အထူးသဖြင့် အမေရိကန်ဈေးကွက်တွင် ဒေါ်လာ၏တန်ဖိုး ပြန်လည်ခိုင်မာလျက်ရှိရာ ရေနံနှင့် အခြားကုန်စည်ဈေးနှုန်းများ အနည်းနှင့်အများ ကျဆင်းလာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ကနေဒါနိုင်ငံအရှေ့ပိုင်းတောမီးကြောင့် လူပေါင်း ထောင်နှင့်ချီ၍ တိမ်းရှောင်နေရ

**အော့တဝါ ဇူလိုင် ၁၆**

ကနေဒါနိုင်ငံအရှေ့ပိုင်း တောမီးကြောင့် လူပေါင်း ထောင်နှင့်ချီ၍ တိမ်းရှောင်နေရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါတောမီးသည် အောတဝါမြို့တော်၏မြောက်ဘက် မိုင်ပေါင်း ၉၀၀ ခန့်အကွာရှိ လာဘရေဒေါမြို့အနီးသို့ ချဉ်းကပ်ရောက်ရှိလာရာ ဒေသခံ ထောင်နှင့်ချီ၍ ရှောင်တိမ်းခဲ့ရသည်။

တောမီးအရှိန် ရပ်တန့်ခြင်းမရှိသဖြင့် လာဘရေဒေါမြို့မှ ၆ နာရီကြာ ကားမောင်းရသော ဟက်ပီးဗယ်လီမြို့မှ ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းကြရန် သက်ဆိုင်ရာက ကြိုတင်သတိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**Mon**

## ကလေးများ ဘေးဖြစ်စေမည့် လူမှုကွန်ရက်များကို တရုတ်အစိုးရ ထပ်မံပိတ်ပင်ကန့်သတ်မှု ပြုလုပ်

**ပေကျင်း ဇူလိုင် ၁၆**

ကလေးသူငယ်များ ဘေးဖြစ်စေမည့် အင်တာနက်လူမှုကွန်ရက်များကို တရုတ်အစိုးရ ထပ်မံပိတ်ပင်ကန့်သတ်မှု ပြုလုပ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပြည်တွင်း၌ ဖြန့်ကြက်ထားသော ဝက်ဘ်ဆိုက်များ၊ လူမှုကွန်ရက်များနှင့် တယ်လီဖုန်းအပလီကေးရှင်းများတွင် ကလေးသူငယ်များ၊ အသက်မပြည့်သေးသော လူငယ်လူရွယ်များ အကျင့်ပျက်စေမည့်၊ ဘေးဖြစ်စေမည့် အကြောင်းအရာ၊ အချက်အလက် ဗီဒီယိုများ မပါရှိစေရန် တရုတ်ဆိုက်ဘာစပေ့စ်အုပ်ချုပ်ရေးအဖွဲ့က စိစစ်ကန့်သတ်ခဲ့ခြင်း ဖြစ်သည်။

အင်တာနက်ကွန်ရက်ထဲတွင် ကလေးသူငယ်များကို ကာတွန်းများ၊ တေးသီချင်းများ၊ ဂိမ်းများ၊ အခြားဖျော်ဖြေရေးအစီအစဉ်များက နည်းအမျိုးမျိုးဖြင့် ဖွဲ့ဆောင်လျက်ရှိရာ မိမိတို့နိုင်ငံအတွင်းရှိ ကလေးသူငယ်များ လမ်းလွဲမလိုက်မိစေရန် သက်ဆိုင်ရာ အာဏာပိုင်များက စိစစ်တားမြစ်ခြင်းသာဖြစ်ကြောင်း ထိုအုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

အထူးသဖြင့် အသက် ၁၈ နှစ်အောက် ကလေးသူငယ်များ အွန်လိုင်းပေါ်တွင် ၎င်းတို့နှင့် မအပ်စပ်သော ဂိမ်းများ ကစားခွင့်မရစေရန် ယခုအကြိမ်တွင် တိုးမြှင့်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြော

**မိုင်းဖြတ် ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(တာချီလိတ်)မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၁၀ နာရီက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို အထက(မိုင်းဖြတ်)ရှိ ရွှေလီဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အထက(မိုင်းဖြတ်)မှ အထက်တန်းပြဆရာ ဦးကျော်ဌေးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အမှတ်(၁) လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (တာချီလိတ်)မှ ရဲအုပ်ကျော်သန်းနိုင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရည်မှန်းချက်တာဝန်လေးရပ်၊ ရွှေ့ပြောင်းသွားလာခြင်း၊ လူမှောင်ခို၊ လူကုန်ကူးခြင်းနှင့် လူကုန်ကူးမှု၏ အဓိပ္ပါယ် လူကုန်ကူးမှုမြောက်သည့် နည်းလမ်းအဆင့်ဆင့်များကို အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ယင်းနောက် ရဲအုပ် ကျော်မင်းနိုင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေအကြောင်း သိကောင်းစရာများကို ပညာပေးပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ အဆိုပါ တပ်ဖွဲ့ဝင်များသည် အထက (ဟိုနား)ကျောင်းတွင် အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)



## အောင်လံမြို့၌ ဧရာဝတီမြစ်ရေတက်မှုလာကြောင့် လူနေအိမ်များပြောင်းရွှေ့

**အောင်လံ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ရပ်ကွက်များအတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းနေရာများတွင် မြစ်ရေဝင်ရောက် ဖြစ်ပွားလျက်ရှိပြီး အောင်လံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအတွက် ယာယီနေရာစီစဉ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)မျိုးသိန်း(ပြန်/ဆက်)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကျိုင်းတုံမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇူလိုင် ၁၄ ရက် ညနေ ၄ နာရီ ၄၅မိနစ်က ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)တွင် စိန်မိ ဆိုသူ မောင်းနှင်ပြီး မဟာပို့၊ ကျော်ထွန်းနှင့် ရီဟွမ်ချင် ဆိုသူတို့ လိုက်ပါလာသည့် TOYOTA ALPHARD မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈၀၀၀ နှင့် လက်ကိုင်ဖုန်း လေးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၆ နာရီခွဲတွင် ကျော်ထွန်းဆိုသူ နေထိုင်သည့် ကျိုင်းတုံမြို့နယ်၊ ကောင်းကန်ရွာရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် ဘိန်းစိမ်း အလေးချိန် ၁ ကီလိုတို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့ပါသည်။

အလားတူ ယင်းနေ့ ညနေ ၆ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ ကောင်းကန်ရွာအနီးတွင် ကျလောရှီး ဆိုသူ မောင်းနှင်ပြီး နိုးဝေဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။





အဆိုပါ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့်စပ်လျဉ်း၍ စိန်မိ(၂၅)နှစ်၊ မဟာပို့(၃၀)နှစ်၊ ကျော်ထွန်း(၅၇)နှစ်၊ ရီဟွမ်ချင်(၂၈)နှစ်၊ ကျလောရှီး(၂၄)နှစ်နှင့် နိုးဝေ(၃၂)နှစ် ဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုများရေးဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ရေဆိုးထုတ်မြောင်းအတွင်း ပိတ်မိနေသောလုပ်သားများအား စက်ယန္တရားများအသုံးပြု၍ ရှာဖွေကယ်ဆယ်

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ငယ်တိုးကျေးရွာအုပ်စု၊ အမရပူရ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွင်း ရေဆိုးထုတ်မြောင်း ဆောက်လုပ်ရေးဧရိယာအတွင်း ကာရံထားသော တာရိုးပေါက်မှုဖြစ်ပွားခဲ့ပြီး ဆောက်လုပ်လျက်ရှိသည့် ရေဆိုးထုတ်မြောင်းအတွင်း လူခုနစ်ဦး ပိတ်မိလျက်ရှိရာ၊ ပိတ်မိလုပ်သားများ အမြန်ဆုံးရှာဖွေကယ်ထုတ်နိုင်ရေးအတွက် ရေစုပ်စက်ကြီး ခြောက်လုံး၊ ထပ်တိုးနှစ်လုံးဖြင့် ရေများစုပ်ထုတ်ခဲ့ပြီး ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီအထိ ရေဆိုးထုတ်မြောင်းပေါ်လာပြီး ၄င်းမြောင်းပေါ်တွင် ရှင်းလင်းပြီး Vibrator ယန္တရား၊ Engine Cutter၊ Hydrator Cutter များ အသုံးပြု၍ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ နှစ်ဖွဲ့ခွဲကာ မြောင်းဖုံးအပေါက်ဖောက်ခြင်း၊ မြောင်းအတွင်း ဝင်ရောက်ရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၄၅)

**မူးယစ်ဟူက တိုက်ဖျက်ကြ။**

## တာချီလိတ်မြို့နယ်တွင် စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီခွဲက တာချီလိတ်မြို့နယ်၊ ပန်ဟတ်ကျေးရွာအနီးတွင် အိုက်အဲန်ကျောက် ဆိုသူ မောင်းနှင်ပြီး အိုက်ခမ်းကွမ် ဆိုသူ လိုက်ပါလာသည့် MITSUBISHI OUTLANDER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်အဲန်ကျောက်(၂၇)နှစ်နှင့် အိုက်ခမ်းကွမ်(၂၀)နှစ် ဆိုသူတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ရပ်ထားသောယာဉ်အား တိုက်မှုဖြစ်ပွား

**မန္တလေး ဇူလိုင် ၁၆**

ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ်(၇၈/၁)နှင့်(၇၈/၂)ကြားတွင် ဇူလိုင် ၁၆ ရက် နံနက် ၄ နာရီ မိနစ် ၅၀ ခန့်က ရပ်တန့်ထားသော လိုက်ထရပ်အမျိုးအစား ယာဉ်နှစ်စီးအား Nissan Condo အမျိုးအစားယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဥသျှစ်ကုန်း အမြန်လမ်း၊ နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် သွားရောက်ကူညီ ဆောင်ရွက်ခဲ့သည်။



အဆိုပါယာဉ်တိုက်မှုကြောင့် ရပ်တန့်ထားသော လိုက်ထရပ်ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးသေဆုံးပြီး အမျိုးသားသုံးဦး ထိခိုက်ဒဏ်ရာ(စိုးရိမ်ရ)၊ အမျိုးသမီး တစ်ဦး(မစိုးရိမ်ရ)ရရှိပြီး Nissan Condo ယာဉ်ပေါ်မှ အမျိုးသားနှစ်ဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သဖြင့် ၁၉၂ ကြက်ခြေနီသူနာပြုယာဉ်၊ မြို့ချောင်း လူမှုကူညီရေး အသင်းယာဉ်ဖြင့် မြို့ချောင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၄၅)

# ဂန့်ဂေါမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူနှစ်ဦး သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ







နေပြည်တော် ဇူလိုင် ၁၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် ဇူလိုင် ၁၃ ရက်က လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် လာပို့ကျေးရွာမှ ပြည်သူနှစ်ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တစ်ဖက်သတ် စွပ်စွဲရေးသား ထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီခန့်က လာပို့ကျေးရွာအနီးတစ်ဝိုက်တွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ နယ်မြေခံတပ်ရင်းမှ လက်နက်ကြီးဖြင့် ပစ်ခတ်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးခဲ့ရကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးခဲ့ရသည့်အတွက် ညနေ ၆ နာရီခွဲခန့်တွင် အဆိုပါ နယ်မြေခံတပ်ရင်းအား အကြမ်းဖက်သမားများမှ လက်လုပ်စိန်ပြောင်းများ၊ ဒရုန်းများဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များ ပြန်လည်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ သေဆုံးခဲ့ရမှုအား ပြည်သူများထိခိုက်သေဆုံးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မျိုးစေ့ထုတ် မိုးစပါးစိုက်ဧက ၅၀ အတွက် သွင်းအားစုများ ပေးအပ်

မိတ္ထီလာ ဇူလိုင် ၁၆

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်ဖြင့် စိုက်ပျိုးမည့် မျိုးစေ့ထုတ် မိုးစပါးစိုက်ဧက ၅၀ အတွက် သွင်းအားစုများ ပေးအပ်ပွဲကို ယမန်နေ့က စက်ပစ်တောင်ကျေးရွာတွင် ကျင်းပသည်။

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးကို ထမုန်ကန်ကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀၊ တောမကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀၊ ခင်လူးကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ရှမ်းတဲကျေးရွာအုပ်စုတွင် စိုက်ဧက ၃၀၊ ကဖြူကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စုတွင် စိုက်ဧက ၃၀၊ မကျီးစုကျေးရွာအုပ်စုတွင် စိုက်ဧက ၄၀၊ လှော်ဖြူကန်ကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ကွက်ကျေးရွာအုပ်စုတွင် စိုက်ဧက ၁၅၀၊ စုစုပေါင်း စိုက်ပျိုးဧက ၆၀၀ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး အဆိုပါမိုးစပါးစိုက်ဧက ၆၀၀ အနက် မျိုးစေ့ထုတ် မိုးစပါးစိုက်ဧက ၅၀ ကို ထမုန်ကန်ကျေးရွာအုပ်စု၊ စက်ပစ်တောင်ကျေးရွာတွင် စိုက်ပျိုးသွားမည်ဖြစ်သည်။

အဆိုပါ ထမုန်ကန်ကျေးရွာအုပ်စု၊ စက်ပစ်တောင်ကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမည့် မျိုးစေ့ထုတ် မိုးစပါးစိုက်ဧက ၅၀ အတွက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်၊ မိတ္ထီလာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်နိုင်အေးနှင့် တာဝန်ရှိသူများက သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

# မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် နောင်ချိုမှ မန္တလေးသို့ မင်းဇော်မောင်းနှင်ပြီး မင်းကို လိုက်ပါသည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၉၅ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့နံနက် ၁၀ နာရီခွဲတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၄) မြို့ရှောင်လမ်း၌ မောင်ငယ်(ခ) ကျော်ကြီးကို ၁၈ ဘီးတွဲယာဉ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂၅ သန်းနှင့် အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကန့်ဘလူမြို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

ကန့်ဘလူ ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၌ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ လမ်းညွှန်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းပြီး အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့်စစ်ဆေးခြင်းများကို ယနေ့နံနက် ၉ နာရီခွဲက ကွင်းဆင်းဆောင်ရွက်ကြသည်။**(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က အထက(၁)၊ မူလွန်(၂)နှင့် အလက(၅) ကျောင်းတို့တွင် မုန့်ဈေးတန်းများရှိ ဆိုင်ရှင်များအား အစားအစာများ မပြင်ဆင်ချိန်၊ အမှိုက်များကိုင်တွယ်ပြီးချိန်၊ အိမ်သာမှ ဆင်းချိန်တိုင်းတွင် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ စနစ်တကျ ဆေးကြောရန်၊ အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားရန်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု အခြေအနေများ၊ ရောဂါကူးစက်ပုံ၊ ရောဂါလက္ခဏာများ၊ ရောဂါကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများ၊ ဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို ဆိုင်ရှင်များအား အသိပညာပေးဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၄၈၀)

# ဝါးစိုက်ပျိုးရေးလုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

မိုးညှင်း ဇူလိုင် ၁၆

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့တွင် ဝါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်ဝါးစိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးရာတွင် ခရိုင်ဝါးစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်က အမှာစကားပြောကြားရာ၌ သဘာဝအတိုင်း ပေါက်ရောက်သည့် ဝါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ထားသည့် ဝါးမျိုးများကို မိုးညှင်းခရိုင်အတွင်း စိုက်ပျိုးသွားရန် ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ယခင်နှစ်က ခရိုင်အတွင်း ၂၅ ဧက စမ်းသပ်စိုက်ပျိုးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ယခင်နှစ်ထက် ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန်နှင့် ဝါးလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးထားရှိပြီးသော ဝါးပင်များ စာရင်းကို သက်ဆိုင်ရာ မြို့နယ်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်၊ သစ်တောဦးစီးဌာနမှလည်း ဝါးစိုက်ပျိုးလိုသည့် တောင်သူများနှင့် လုပ်ငန်းရှင်များအား မြေနေရာရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန်၊ ဝါးစိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဝါးမျိုးများနှင့် နည်းပညာကောင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး ပံ့ပိုး ကူညီဆောင်ရွက်သွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ၎င်းကော်မတီဝင်များနှင့် လုပ်ငန်းရှင်များက အသီးသီးဆွေးနွေးကြရာ ခရိုင်ဝါးစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပူးပေါင်းပါဝင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေမိုးညှင်း



# နိုင်ငံတကာ အားကစား သတင်းများ

## လိုက္ကွန်ဂါအား အငှားစာချုပ်ဖြင့် ဆီဗီလာအသင်း ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၁၆**

ဆီဗီလာအသင်းသည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား လိုက္ကွန်ဂါအား တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ်အသင်းမှ လူတန်တောင်းအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၁၉ပွဲကစားကာ တစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆီဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဆီဗီလာအသင်း ထုတ်ပြန်ချက်တွင် လိုက္ကွန်ဂါအား အငှားဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ'ဟု ထုတ်ပြန်သည်။(NGB)





## မက်ဆီခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၁၆**

အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့် အင်တာမိုင်ယာမီအသင်းတိုက်စစ်မှူး မက်ဆီ ခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။ **(အောက်ပုံ)**

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၄ ကိုပါအမေရိကဖလား ဗိုလ်လုပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းက ကိုလံဘီယာအသင်းအား အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မက်ဆီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဂျင်တီးနားအသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် အင်တာမိုင်ယာမီအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၄ခုနှစ်အတွင်း ပြိုင်ပွဲ ၂၉ပွဲကစားကာ ၂၅ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ (NGB)



## ဝီလီကမ်ဘွာလာအား ဗီလာရီးရဲလ်အသင်း ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၁၆**

စပိန်လာလီဂါကလပ် ဗီလာရီးရဲလ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း လူငယ်နောက်ခံကစားသမား ဝီလီကမ်ဘွာလာအား (၅)နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းကြီးတွင် ပြီးခဲ့သည့်ဘောလုံးရာသီမှ စတင်ကာ ပါဝင်ကစားခွင့်ရရှိပြီး ပြိုင်ပွဲစုံ ၁၀ပွဲကစားကာ ခြေစွမ်းပြထားသလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဗီလာရီးရဲလ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ **(ဝဲပုံ)**

အသက်(၁၉)နှစ်အရွယ်ရှိ ဝီလီကမ်ဘွာလာက 'ကျွန်တော် ဗီလာရီးရဲလ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ လာမည့်ဘောလုံးရာသီမှာ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ'ဟု ပြောသည်။ (NGB)

## ဖရင်းပေါင် လေဗာကူဆင်အသင်းမှ ထွက်ခွာဖွယ်ရှိ

**မြူးနစ် ဇူလိုင် ၁၆**

လေဗာကူဆင်အသင်း နောက်ခံကစားသမား ဖရင်းပေါင် လက်ရှိနွေရာသီဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ဖရင်းပေါင်သည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၂ပွဲကစားပြီး ၂၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

လေဗာကူဆင်အသင်းကလည်း ဖရင်းပေါင်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် နောက်ခံကစားသမား ဖရင်းပေါင်အနေဖြင့် လေဗာကူဆင်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**(NGB)




## ဂျာအိုနီဗက်စ်၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၁၂၀အထိ ဘင်ဖီကာအသင်းအလိုရှိ

**လန်ဒန် ဇူလိုင် ၁၆**

ဘင်ဖီကာအသင်းသည် အသင်း ကွင်းလယ်ကစားသမား ဂျာအိုနီဗက်စ်၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း၁၂၀အထိ အလိုရှိနေသည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။

ကွင်းလယ်ကစားသမား ဂျာအိုနီဗက်စ်သည် ဘင်ဖီကာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၅ပွဲကစားပြီး ၄ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ဘင်ဖီကာအသင်းကလည်း ဂျာအိုနီဗက်စ်အတွက် ၎င်းတို့အလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘင်ဖီကာအသင်းထံမှ ဂျာအိုနီဗက်စ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**(NGB)



## ရှာကွီရီ ဆွစ်ဇာလန်လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူ

**လန်ဒန် ဇူလိုင် ၁၆**

တောင်ပံကစားသမား ရှာကွီရီက မိမိအနေဖြင့် ဆွစ်ဇာလန်လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူခဲ့ပြီဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါ တောင်ပံကစားသမားသည် ဆွစ်ဇာလန်လက်ရွေးစင် အသင်းနှင့်အတူ ၂၀၁၀မှ ၂၀၂၄ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၂၅ပွဲကစားကာ ၃၂ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ရှာကွီရီက 'ကျွန်တော် ဆွစ်ဇာလန်လက်ရွေးစင် အသင်းကစားသမားဘဝမှ အနားယူပါပြီ။ လက်ရွေးစင်အသင်းမှာ ကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း ကျေးဇူးတင်ပါတယ်။ ဆွစ်ဇာလန်လက်ရွေးစင်အသင်းလည်း အနာဂတ်မှာ အောင်မြင်မှုများ ရယူနိုင်ပါစေလို့တောင်းဆုပြုပါတယ်'ဟု ပြောသည်။ (NGB)



## 2024 Polish Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၂ရက်တွင် စတင်မည်

**လန်ဒန် ဇူလိုင် ၁၆**

ပိုလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Polish Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၂၂ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Polish Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၂ရက်မှ ဇူလိုင် ၂၈ရက်အထိ ၇ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2024 Polish Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Polish Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ယူကရိန်းတင်းနစ်မယ် Dayana Yastremska ဖြစ်သည်။ **(အောက်ပုံ)** (NGB)



### အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (အုပ်စု-က)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၇-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့ | မွန်းလွဲ၂း၃၀နာရီ | တီမော – ကမ္ဘောဒီးယား |
| ။ | ည၇း၀၀နာရီ | အင်ဒိုနီးရှား – ဖိလစ်ပိုင် |

### အာဆီယံကလပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (Play-Offs) (ပ-ကျော့)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ် |
|---|---|---|
| ၁၇-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ညနေ၆း၃၅နာရီ (ဘုရှိုင်းကွင်း) | ကာဆူကာ(ဘရူနိုင်း-၁)- ရှမ်းယူနိုက်တက်(မြန်မာ-၃) |

## ရတနာပုံတက္ကသိုလ်၌သင်ကြားသင်ယူမှု၊ ဘာသာရပ်ဆိုင်ရာနှင့်သုတေသနဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၆**

ဇူလိုင် ၈ ရက်တွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည့် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်အရ သင်ကြားသင်ယူမှု၊ ဘာသာရပ်ဆိုင်ရာနှင့် သုတေသနဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ Assessment, Research and Innovation, Teaching and Learning, Access Education, Distance Education ခေါင်းစဉ်(၅)ခုဖြင့် ဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက ရတနာပုံတက္ကသိုလ်ရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အရှေ့တိုင်းပညာဘာသာရပ်၊ ရှေးဟောင်းသုတေသနပညာဘာသာရပ်၊ စာကြည့်တိုက်နှင့် သုတပညာဘာသာရပ်၊ သင်္ချာဘာသာရပ်တို့ဖြင့် စုဖွဲ့ထားသည့် အုပ်စု(၁)သည် 'Assessment' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာစာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်၊ ဘူမိဗေဒဘာသာရပ်၊ ကွန်ပျူတာသိပ္ပံပညာဘာသာရပ်တို့ဖြင့် စုဖွဲ့ထားသည့် အုပ်စု(၂)သည် 'Research and Innovation' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓာတုဗေဒဘာသာရပ်၊ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်၊ ဒဿနိကဗေဒဘာသာရပ်၊ သမိုင်းဘာသာရပ်တို့ဖြင့် စုဖွဲ့ထားသည့် အုပ်စု(၃)သည် ' Teaching and Learning' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရုက္ခဗေဒဘာသာရပ်၊ နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်၊ စိတ်ပညာဘာသာရပ်၊ မနုဿဗေဒဘာသာရပ်၊ စီးပွားရေးပညာဘာသာရပ်တို့ဖြင့် စုဖွဲ့ထားသည့် အုပ်စု(၄)သည် 'Access Education' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပထဝီဝင်ဘာသာရပ်၊ ဥပဒေပညာဘာသာရပ်၊ သတ္တဗေဒဘာသာရပ်၊ ရူပဗေဒဘာသာရပ်တို့ဖြင့် စုဖွဲ့ထားသည့် အုပ်စု(၅)သည် ' Distance Education' ခေါင်းစဉ်တို့ဖြင့် အုပ်စုအလိုက် တင်ပြဆွေးနွေးကြရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့်အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သူများက ပြန်လည်ဖြည့်စွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**
**(ဝ၈၂)**



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၆**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို)တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ လမ်း၆၀နှင့် လမ်း၃၀ထောင့်ရှိ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာညိုညိုတင်က ဩဝါဒစကားပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်ဦးက ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မူးယစ်ဆေးဝါးသမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါး အမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း အသီးသီးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည်များမေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယင်းဟောပြောပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၄၀၀ ဦးခန့် တက်ရောက်သည်။ အဆိုပါ အသိပညာပေးဟောပြောပွဲများကို မန္တလေး 'မြို့ပေါ် ၅ မြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင် အလှည့်ကျ ဆက်လက်ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(ဝ၇၂)**



## မွေးမြူရေးတိရစ္ဆာန်များကို ရောဂါကုသရေးလုပ်ငန်းဆောင်ရွက်ပေးရာတွင် အကောင်ရေ ၉၁၈၀၀ ကျော်ထိုးနှံပေးပြီးဖြစ်

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများမွေးမြူသည့် မွေးမြူရေးတိရစ္ဆာန်များကို ရောဂါကုသရေးလုပ်ငန်းဆောင်ရွက်ပေးရာတွင် အကောင်ရေ ၉၁၈၀၀ ကျော်ထိုးနှံပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အသားကဏ္ဍထုတ်လုပ်မှု ပမာဏမြင့်တက်လာစေရန် မွေးမြူထားသည့် တိရိစ္ဆာန်များကို ရောဂါထိန်းချုပ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ကုသကာကွယ်ဆေးများကို ထိုးနှံပေးရန် လျာထားချက်အနေဖြင့် ၅၈၇၀၀၀ ကျော်ကို လျာထားပြီး ဧပြီလမှစပြီး ထိုးနှံပေးခဲ့ရာ ယနေ့အချိန်ထိ တိရစ္ဆာန်အကောင်ရေ ၉၁၈၀၀ ကျော်ကို မွေးမြူသူများ လက်ဝယ်အိမ်တိုင်ရာရောက် ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

'မွေးမြူရေးတိရစ္ဆာန်တွေကို ကာကွယ်ဆေးအမျိုးအစားအလိုက် ရောဂါကုသရေးလုပ်ဆောင်ပေးနေပါတယ်။ ကူးစက်ရောဂါတွေ မဖြစ်စေဖို့ ကြိုတင်ကာကွယ်တာ အရေးကြီးတာကြောင့် ကွင်းဆင်းဆောင်ရွက်ပေးနေတာပါ။ နည်းပညာပေးသင်တန်းတွေ ဟောပြောပွဲတွေကိုလည်း ပြုလုပ်ပေးပါတယ်။ ဖြစ်ပွားမှုရောဂါတွေကို အတတ်နိုင်ဆုံးမဖြစ်ရအောင် ရာသီအလိုက် လပတ်အလိုက် တိရစ္ဆာန်ကာကွယ်ဆေးတွေကို ထိုးနှံပေးနေပါတယ်။ တိရစ္ဆာန်တွေအတွက် အခမဲ့ကာကွယ်ဆေး ထိုးပေးတာပါ။ ခြောက်လတစ်ကြိမ် ထိုးပေးတာပါ။ တိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်မှာ ထိုးပေးတာပါ။ လက်ရှိမှာလည်း တောင်သူတွေမွေးမြူတဲ့ တိရစ္ဆာန်တွေကို ကာကွယ်ဆေးတွေ ထိုးပေးမှာပါ'ဟု ၎င်းက ရှင်းပြသည်။

**(ခဲပုံ)**



တိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်ရှိ တောင်သူများမွေးမြူထားသော တိရစ္ဆာန်များအလိုက် ကာကွယ်ဆေးထိုးနှံပေးသည့် ရောဂါများမှာ ကျွဲ၊ နွား၊ ခွာနာလျှာနာကာကွယ်ဆေး၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေး၊ ဒေါင့်သန်းရောဂါကာကွယ်ဆေး၊ ပေါင်ပုပ်လက်ပုပ် ရောဂါကာကွယ်ဆေး၊ ကြက်လည်လိမ်(အိုင်တူး) ရောဂါကာကွယ်ဆေးများကို မွေးမြူသူများ၏ အိမ်တိုင်ရာရောက် ထိုးနှံပေးခဲ့ရာ စုစုပေါင်းအကောင်ရေ ၉၁၈၀၀ ကျော်ကို ထိုးနှံပေးထားပြီးဖြစ်ကြောင်း သိရသည်။ **(ဝ၃၄)**

## (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**နတ်မောက် ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဥမ္မာခင်က ကျောင်းသား၊ ကျောင်းသူများ နှစ်စဉ်ကျင်းပလျက်ရှိသည့် နေ့ထူးနေ့မြတ်များအား အစဉ်အောင်းမေ့သတိရစေရန်၊ အသိပညာဗဟုသုတများ တိုးပွားစေရန် ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးစေရန်၊ စာဖတ်စွမ်းရည်တိုးတက်စေရန်၊ စာပေကိုပိုမိုလေ့လာကျက်မှတ်စေရန်၊ ပန်း ၁၀ မျိုးမှ ပန်းချီပညာကို လေ့လာနိုင်စေရန်၊ မိမိရုံးရှိ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ပါကြောင်းနှင့် ပြိုင်ပွဲဝင်စည်းကမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)ကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(တမာပင်)ကျောင်းများမှ အလယ်တန်းဆင့် ကျောင်းသား၊ ကျောင်းသူများက '၁၉ ဇူလိုင်မမေ့နိုင်' ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်များမှ ဆုရရှိသူများအား နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဇူလိုင် ၁၈ ရက်တွင် ကျင်းပမည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဆုများ အသီးသီးချီးမြှင့်ပေးသွားမည်ဖြစ်သည်။

**(အောက်ပုံ)**
**(သိမ့်သိမ့်မိုး)**






## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သက်ကြီးဆရာဝန်များ အထောက်အကူပြုအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ၊ ငွေလှူဒါန်း

**မန္တလေး ဇူလိုင် ၁၆**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်များ အထောက်အကူပြုအဖွဲ့မှ ညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၅ ရက် မွန်း လွဲ ၁နာရီက ချမ်းအေးသာစံ မြို့နယ် ၇၁လမ်းနှင့်၃၁လမ်း ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန် အသင်း ရတနာပုံခန်းမတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ နှင့် သက်ကြီးဆရာဝန်များ အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင် မြင့်၊ ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာ အောင်ကြီး၊ ပါမောက္ခ ဒေါက်တာ အောင်မြင့်၊ အတွင်း ရေးမှူး ဒေါက်တာအောင်မင်း၊ တွဲဖက်အတွင်းရေးမှူးဒေါက်တာ မောင်မောင်သန်းနှင့် ဒေါက်တာ နွယ်နီ၊ ဘဏ္ဍာရေးမှူး ဒေါက်တာ ပြုံးပြုံးသန်းနှင့်အဖွဲ့ဝင်များ တက် ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့် က အဖွင့်အမှာစကားပြောကြား ပြီး တက်ရောက်လာသော အမှု ဆောင်များက မန္တလေးမြို့ရှိ အသက်(၇၀)နှစ်နှင့်အထက် အသင်းဝင်ဆရာဝန်ကြီးများအား ကျန်းမာရေးစစ်ဆေးပေးခဲ့မှု၊ ကျန်းမာရေးထောက်ပံ့ပေးခဲ့မှု များအားတင်ပြပြီး ရှေ့ဆောင် ရွက်ပေးမည့်လုပ်ငန်းအစီအစဉ် များအား ဆွေးနွေးခဲ့ကြသည်။ ထို့နောက် သက်ကြီးဆရာဝန်ကြီး များ အထောက်အကူပြုအဖွဲ့သို့ ဒေါက်တာ အောင်မင်း+ဒေါက်တာ ခင်စုမာတို့က (၄၅)နှစ်မြောက် မင်္ဂလာအထိမ်းအမှတ်ငွေကျပ် ၅ သိန်းလှူဒါန်းရာ အသင်းနာယက ပါမောက္ခဒေါက်တာ သန်းရင်မာ က လက်ခံရယူပြီး ဂုဏ်ပြုမှတ် တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ ကြောင်း သိရသည်။ **(ကဆ)**

## မန္တလေးဆိပ်ကမ်းနှင့်ကမ်းနားလမ်းတစ်လျှောက်တွင် နေ့စဉ်နံနက်ပိုင်းနှင့်ညနေပိုင်းများ၌ လာရောက်အပန်းဖြေသူများနှင့် ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သူများဖြင့် စည်ကား

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီသည် မန္တလေးဆိပ်ကမ်းနှင့် ကမ်းနား လမ်းတစ်လျှောက် သန့်ရှင်း သာယာလှပရေး၊ စိမ်းလမ်းစိုပြည် ရေးနှင့် အပန်းဖြေနားနေရန် နေရာများ ဆောင်ရွက်ထားရှိရာ နေ့စဉ်နံနက်ပိုင်းနှင့် ညနေပိုင်း များတွင် လာရောက်အပန်းဖြေသူ များဖြင့် စည်ကားများပြားလျက် ရှိသည်။

လက်ရှိတွင် ဧရာဝတီမြစ် ရေတိုးနေချိန်ဖြစ်၍ မြစ်ရေ လာရောက်ကြည့်ရှုသူများကြောင့် ပိုမိုစည်ကားနေသည်ဟု မရမ်းခြံ ဆိပ်အနီး၊ ကမ်းနားလမ်းတွင် နေထိုင်သူတစ်ဦးက ပြောသည်။

"အခုလုပ်နေတဲ့ မရမ်းခြံ ဆိပ်ကမ်းရင်ပြင်စီမံကိန်းက ၇၀ ရာခိုင်နှုန်းလောက်ပြီးသွားပြီ။ပြီးစီး တဲ့အပိုင်းကရင်ပြင်မှာ ညနေဆို အပန်းဖြေသူတွေ၊ မြစ်ရေတက်ချိန် ရေလာကြည့်တဲ့သူတွေ အများ ကြီးပဲ။ ကမ်းနားလမ်းက နိုင်လွန် ကတ္တရာလမ်းနဲ့၊ လမ်းလယ်ကျွန်း မှာလည်း သစ်ပင်တွေတန်းစီ လို့ဆိုတော့ မျက်စိပသာဒလည်း ကောင်းတယ်။မြစ်ရေပြင်ကို ဖြတ် လာတဲ့အတွက် လေကောင်း လေ သန့်လည်း ရှုရတယ်။ ဒါကြောင့် ဆိပ်ကမ်းမှာ လူစည်တာပေါ့"ဟု ၎င်းက ပြောသည်။

မန္တလေးဆိပ်ကမ်းတွင် မြို့ တော်စည်ပင်သာယာရေးကော်မတီ က အပန်းဖြေအနားယူရန် ပန်းခုံ များ၊ ကျန်းမာရေးအထောက် အကူပြု အားကစားလေ့ကျင့်ရေး ပစ္စည်းများ ထားရှိပေးထားသဖြင့် ယင်းနေရာများသို့ အများပြည်သူမှ လာရောက်အပန်းဖြေခြင်း၊ လမ်း လျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း နှင့် အုပ်စုလိုက် ကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ကြောင့် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပိုမိုစည်ကားလျက်ရှိကြောင်းနှင့် ရေဘေးကာကွယ်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန် ရှိသူများကလည်း ထိန်းသိမ်းကြပ် မတ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးဆိပ်ကမ်း၊ ဧရာဝတီ မြစ်ရေသည် ဇူလိုင် ၉ ရက်တွင် စိုးရိမ်ရေအမှတ်(၁၂၆၀ စင်တီ မီတာ)အထက် တစ်ပေခန့်ကျော် လွန်ခဲ့ပြီး အနည်းငယ် ကျဆင်း လာရာ ဇူလိုင် ၁၆ ရက်၊ နံနက် ၆ နာရီခွဲ မြစ်ရေတိုင်းထွာချက် များအရ (၁၂၇၉ စင်တီမီတာ) ဖြစ်ရာ ပေဝက်ခန့် ကျဆင်းသွား ကြောင်း မိုးလေဝသနှင့် ဇလ ဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ် ပြန်ချက်အရ သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀



မျက်စိလှူကြ
မျက်ကြည်ရ၊
မြတ်သည့်
လှူဒါန်း။

## အ.ထ.က(၁၂)တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၆**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ အမှတ် (၁၂)အခြေခံပညာ အထက်တန်း ကျောင်းတို့ ပူးပေါင်းပြီး (၇၇) နှစ်မြောက် အာဇာနည်နေ့အကြို အသိပညာပေးဟောပြောပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်ပြ ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

(၇၇)နှစ်မြောက် အာဇာနည် နေ့အကြို အသိပညာပေးဟော ပြောပွဲနှင့် အသိပညာပေးနံရံကပ် စာစောင်ပြပွဲတွင် အ.ထ.က (၁၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်က ဟော ပြောပွဲကျင်းပရခြင်းနှင့် နံရံကပ် စာစောင်ပြသရခြင်း ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်ခိုင်သန္တာလွင်က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ ဆရာမ ဒေါ်အေးသန္တာက ဗိုလ်ချုပ်အောင် ဆန်းနှင့်တကွ အာဇာနည်ကြီး များ၏ အကြောင်းများနှင့် အာဇာ နည်စိတ်ဓာတ်ထားရှိရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဟော ပြောခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၇)နှစ်မြောက် အာဇာနည် နေ့အထိမ်းအမှတ် ခင်းကျင်းပြသ ထားသည့် အာဇာနည်နေ့ဖြစ် ပေါ်လာပုံများနှင့် ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ အာဇာနည် ပုဂ္ဂိုလ်ကိုးဦးတို့၏ ကိုယ်ရေးအတ္ထု ပ္ပတ္တိများ၊ မှတ်တမ်းဓာတ်ပုံ များကို ခင်းကျင်းပြသထားမှုကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာ မှတ်သားခဲ့ကြကြောင်း သိရသည်။

**(၀၇၂)**





## ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာ စိုက်ဧက ၆၁၀၀ ကျော် စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး အတွင်း ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာစိုက်ဧက ၆၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်း သင်းမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မိုးနေကြာစိုက်ဧက များကို ရမည်းသင်းမြို့နယ်ရှိ တောင်သူများမှ မေလနောက်ဆုံး ပတ်မှစ၍ လျာထားစိုက်ဧက ၉၇၂၈ ဧကကို စတင်စိုက်ပျိုး ခဲ့ရာ ယနေ့အချိန်တွင် မိုးနေကြာ စိုက်ပျိုးပြီးဧကသည် ၆၁၃၇ ဧက စိုက်ပျိုးပြီးပြီဖြစ်ကြောင်း၊ကျန်ရှိ နေသေးသည့် မိုးနေကြာ စိုက် ဧကများကို ဆက်လက်စိုက်ပျိုး လျက်ရှိသည်။ **(အပေါ်ပုံ)**

"ရမည်းသင်းမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီ နေကြာ ဧက ၉၇၂၈ လျာထားဧကကို စိုက်ပျိုးသွားမှာပါ။ အခုလိုစိုက် ပျိုးပေးနေတာ ပြည်တွင်းဆီစား သုံးမှုမှာ သန့်ရှင်းပြီးကျန်းမာရေး နဲ့ညီတဲ့ စားသုံးသူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းတဲ့ ဆီ စားသုံးနိုင်ဖို့ပါ။ ဈေးကွက်ထဲမှာ လည်း ဈေးနှုန်းမတည်ငြိမ်ဖြစ် တာကြောင့် စားသုံးဆီဈေးကွက် မှာလည်း နေကြာစိုက်ပျိုးပြီး တော့မှ ဆီဈေးကွက်ကို တည် ငြိမ်စေဖို့ပါ။ ဆီတွေကို ပြည်ပက သွင်းရတဲ့အခါကြတော့ သွင်းကုန် အစားထိုးအနေနဲ့ ပြည်တွင်းမှာ လည်း စိုက်ပျိုးထုတ်လုပ်ပြီး တော့မှ ထွက်ရှိလာတဲ့ဆီကို ဘေး အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင် စေဖို့နဲ့ ဆီဈေးကွက်အတွင်း လို အပ်နေတဲ့ဆီတွေကို ဖြည့်တင်း နိုင်ဖို့ပါ။ ပြည်ပကတင်သွင်းနေ တာကို ပြည်တွင်းမှာ စိုက်ပျိုးပြီး တော့မှ ထုတ်လုပ်နိုင်ဖို့ ရည်ရွယ် တာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါမြို့နယ်တွင် မိုးရာသီ၌ ဆောင်းနေကြာစိုက်ဧက ၉၇၂၈ ကို လျာထားချက်ပြည့်မီကျော် လွန်အောင် စိုက်ပျိုးသွားမည်ဖြစ် ကြောင်း၊ စိုက်ပျိုးကြရာတွင် တောင်သူများမှ သီးသန့်စိုက်ပျိုး ခြင်းများရှိသကဲ့သို့ ကုလားပဲသီးနှံ နှင့်လည်း ညှပ်ပြီးစိုက်ပျိုးခြင်း များရှိကြောင်း၊ စိုက်ပျိုးနေသည့် နေကြာမျိုးများသည် ဆင်းရွှေကြာ (၂)နှင့် ရေဆင်းစပ်မျိုး(၁) နေကြာ နှစ်မျိုးကို အဓိကထားစိုက်ပျိုးနေ ကြောင်း သိရသည်။ **(၀၃၄)**

# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ကိုယ့်အသားအရောင်နဲ့ လိုက်ဖက်မယ့် အရောင်ရွေးချယ်နည်း

အဝတ်အစားဝတ်ဆင်တဲ့အခါမှာလည်း ကိုယ့်အသားအရောင်နဲ့ လိုက်ဖက်တဲ့အရောင်ကို ရွေးချယ်ဝတ်ဆင်မှသာ ကိုယ့်ရဲ့အလှကို ပိုပြီးထင်ပေါ်စေတာဖြစ်ပါတယ်။ အထည်ဆိုင်ကြေညာတဲ့ ထိုင်း၊ တရုတ်မလေးတွေဟာ အသားဖြူတာမလို့ သူတို့ဝတ်ပြထားတာ လှနေပေမယ့် ကိုယ်ဝတ်လိုက်တဲ့အခါမှာ မလှ၊မလိုက်တော့တာမျိုး တွေကြုံဖူးကျမှာပါ။ အဲဒါဟာ ကိုယ့်အသားအရောင်နဲ့လိုက်ဖက်တဲ့ အရောင်ကိုမရွေးချယ်တတ်လို့ပဲဖြစ်ပါတယ်။ အသားအရောင်ပေါ် မူတည်ပြီး ဘယ်အရောင်က ကိုယ့်အသားရောင်နဲ့ အလိုက်ဖက်ဆုံး ဖြစ်မလဲဆိုတာ ခွဲခြားသိနိုင်ဖို့ အကြံပြုချက်တွေကိုမျှဝေပေးလိုက်ပါတယ်။

### အဖြူရောင် အသားအရေ

ကိုယ့်အသားအရောင်က ဖြူတယ်ဆိုရင်တော့ အရောင် သိပ်မရွေးပေမယ့် ခပ်ရင့်ရင့်အရောင်တွေ ရွေးမယ်ဆိုရင်တော့ အနီ၊ ခရမ်း၊ အပြာရောင်နဲ့ အစိမ်းရင့်ရောင်တို့က အသားအရောင်ကိုပိုလင်းစေပြီး ပိုပြီးတောက်ပစေပါတယ်။

### အလယ်အလတ် အသားအရေ

မြန်မာနိုင်ငံကသူတွေရဲ့အသားအရေက အလယ်အလတ် အသားအရေ(မဖြူမညိုတဲ့ အသားအရေ)ပုံစံမျိုးတွေ များပါတယ်။ ခပ်ရင့်ရင့်ရောင်မျိုးတွေကိုရောင်ပြီးတော့ အဝါ၊ အပြာနဲ့လိမ္မော်ရောင်တွေက အသားအရေကို ပိုလင်းစေပြီး ပိုပေါ်စေပါတယ်။

### အညိုရောင် အသားအရေ

ဒီအသားအရောင်ကတော့ မြန်မာနိုင်ငံမှာ အများဆုံးပါပဲ။ အရောင်နုတွေအကုန်လုံး ရွေးချယ်နိုင်ပေမယ့် အညိုရောင်၊ ခရမ်းရောင်၊ ခပ်မွဲမွဲအရောင်တွေကိုရှောင်ပေးပြီး အရောင်ရင့်အားလုံးနီးပါးကိုလည်း ရွေးချယ်နိုင်ပါတယ်။

**Daisy**







## မျက်လုံးအညောင်းပြေစေမယ့် အလွယ်ကူဆုံးလေ့ကျင့်ခန်း

ဖုန်း၊ ကွန်ပျူတာတွေ အချိန်အကြာကြီးသုံးတဲ့အခါမှာ မျက်လုံးညောင်းခြင်း၊ မျက်ရိုးကိုက်၊ ဇက်ကြောတက်ခြင်း၊ မျက်လုံးပူခြင်းစတဲ့ ဝေဒနာတွေ ဖြစ်လေ့ရှိပါတယ်။ ဖုန်း၊ ကွန်ပျူတာ Screen ကို ကြည့်ချိန်နာရီဝက်တစ်ခါလောက်ကို မျက်လုံးကို ပိတ်လိုက်ဖွင့်လိုက်၊ အဝေးတစ်နေရာကြည့်ခြင်း စတာတွေပြုလုပ်ပေးခြင်းအားဖြင့် အညောင်းပြေစေတဲ့အပြင် မျက်လုံးထိခိုက်ခြင်းကို သက်သာစေပါတယ်။ နောက်ထပ်မျက်လုံးညောင်းသက်သာစေတဲ့ နည်းတစ်ခုကတော့ လက်ဖဝါးနှစ်ဖက်ကို ပူလာတဲ့အထိ ပွတ်ပြီးရင် ပူနေတဲ့လက်ဖဝါးနဲ့ မျက်လုံးကို ဖိအုပ်လိုက်ပေးခြင်းအားဖြင့် လက်ဖဝါးက အပူတွေက မျက်ခွံပေါ် ရောက်သွားပြီး အညောင်းအညာပြေစေပါတယ်။ အရမ်းလွယ်ကူတဲ့နည်းလမ်းတွေဖြစ်လို့ ဖုန်းနဲ့ ကွန်ပျူတာ အချိန်အကြာကြီး အသုံးပြုတဲ့သူတွေ လိုက်လုပ်ကြည့်ကြပါလို့ အကြံပြုတိုက်တွန်း လိုက်ပါတယ်။

**Daisy**

## အဆီလောင်ကျွမ်းစေမယ့် သစ်ကြံပိုးခေါက်ဖျော်ရည်

မြန်မာနိုင်ငံမှာ သစ်ကြံပိုးခေါက်ကို ဟင်းခတ်အမွှေးအကြိုင်အနေနဲ့သာ အသုံးပြုလေ့ရှိကြပေမယ့် သစ်ကြံပိုးခေါက်ဟာ အဆီကိုလောင်ကျွမ်းစေပြီး ဝိတ်ကျစေတယ်ဆိုတာ သိရှိသူနည်းပါတယ်။ သစ်ကြံပိုးခေါက်ဟာ အဆီတွေကို လောင်ကျွမ်းစေဖို့ အားပေးတာကြောင့် ဝိတ်ချတဲ့အခါမှာ သစ်ကြံပိုးခေါက်ကို အသုံးပြုနိုင်ပါတယ်။ သစ်ကြံပိုးခေါက်ကိုအသုံးပြုပြီး အဆီလောင်ကျွမ်းစေမယ့် ဖျော်ရည် ပြုလုပ်နည်းကို ဖော်ပြပေးလိုက်ပါတယ်။ လိုအပ်တာတွေကတော့ သစ်ကြံပိုးခေါက်မှုန့်ထမင်းစားဇွန်းတစ်ဇွန်း၊ ပန်းသီးရှာလကာရည် ဇွန်းတစ်ဇွန်း၊ သံပရာ(သို့)သံပရိုသီး တစ်လုံး၊ ပျားရည် နှစ်ဇွန်း၊ ရေတစ်လီတာပဲ ဖြစ်ပါတယ်။

အိုးတစ်ခုထဲမှာရေထည့်ပြီး ဆူအောင်တည်လိုက်ပါ။ ဆူလာပြီဆိုရင် သစ်ကြံပိုးခေါက်မှုန့်၊ ပန်းသီးရှာလကာရည်၊ သံပရာသီးအရည်ညစ်၊ ပျားရည်ထည့်ပြီး ၁၅မိနစ်ခန့် တည်လိုက်ပါ။ အချိန်ပြည့်ရင် မီးဖိုပေါ်ကချ အအေးခံပြီး ညအိပ်ရာမဝင်ခင်မှာ သောက်သုံးပေးပါ။ နေ့စဉ် သောက်သုံးပေးခြင်းအားဖြင့် အဆီလောင်ကျွမ်းမှုကို အထောက်အပံ့ဖြစ်စေပါတယ်။

**Daisy**



## သဘာဝအတိုင်းလှပစေမယ့် Korea Makeup Look

K Drama, Kpop တွေ ခေတ်အရမ်းစားလာတဲ့နောက်မှ ကိုရီးယားတွေရဲ့ အဝတ်အစား ဖက်ရှင်တွေနဲ့ မိတ်ကပ်အပြင်အဆင်တွေမှာ ခေတ်စားလာပါတယ်။ အရင်တုန်းက ကိုရီးယားမိတ်ကပ်လိမ်းခြယ် ပြင်ဆင်ပုံတွေကို အာရှနိုင်ငံတွေမှာသာ ခေတ်စားခဲ့ပေမယ့် အခုဆိုရင် အနောက်နိုင်ငံက အလှအပချစ်သူတွေကြားထဲမှာပါ တော်တော်လေး ရေပန်းစားနေပါတယ်။ Korea Make up look တွေဟာဆိုရင် သဘာဝကျပြီး ပေါ့ပါးရိုးရှင်းပြီး ကိုယ့်ရဲ့ပင်ကိုယ်မျက်နှာအလှကို ပျောက်မသွားစေဘဲ ပိုပြီးလှပသွားစေတဲ့ပုံဖြစ်စေတာကြောင့် အနောက်နိုင်ငံက Social Influencers တွေမှာပါ ခေတ်စားနေရခြင်းဖြစ်ပါတယ်။

ကိုရီးယားမလေးတွေလို သဘာဝကျကျ လှပချင်တယ်ဆိုရင်တော့ အရင်ဆုံး မျက်နှာအသားအရေ ကောင်းမွန်နေဖို့အတွက် Skin Care ကို သေချာလေး ဂရုစိုက်ပြီးလုပ်ပေးဖို့ အရေးကြီးပါတယ်။ မိတ်ကပ်ရွေးချယ်တဲ့ အခါမှာလည်း အရည်ခပ်ကျဲကျဲ၊ မိတ်ကပ်သားပါးတဲ့ Foundation Makeup Cushion တွေကို အသုံးပြုပေးရမှာဖြစ်ပါတယ်။ Foundation လိမ်းပြီးရင်လိမ်းတဲ့ two-way makeup ဘူး၊ အရောင်ပါတဲ့ပေါင်ဒါတွေအစား၊ အရောင်မပါတဲ့ပေါင်ဒါကို လိမ်းပေးမှသာ မျက်နှာနဲ့မိတ်ကပ်တစ်သားတည်းဖြစ်နေပြီး လိမ်းထားတယ်လို့ မထင်ရလောက်အောင် သဘာဝကျကျ ဖြစ်နေမှာပါ။

ပါးနီကိုလည်း မက်မွန်သီးရောင်၊ ပန်းရောင်ခပ်ဖျော့ဖျော့အရောင်ကို ပါးမှာ ခပ်ပါးပါးလေးသာလိမ်းပေးမှာပါ။ Eyeshadow ကိုလည်း အဝါဖျော့၊ အသားရောင်၊ လိမ္မော်အနုရောင်၊ ပန်းနုရောင်၊ အညိုအရောင်နုတွေကို ချယ်ပေးပါ။ မျက်တောင်ကိုလည်း အတုတပ်တာထက် နဂိုရှိပြီးသားမျက်တောင်ကို မျက်တောင်မွေးတစ်ချောင်းချင်းစီ ဖြစ်စေမယ့် Mascara မျိုးကို အသုံးပြုပါ။

နှုတ်ခမ်းနီကိုလည်း အခုခေတ်စားနေတဲ့ Tinted အမျိုးအစားနှုတ်ခမ်းနီကို ခပ်ပါးပါးဆိုးပေးပြီးရင်တော့ အပေါ်ကနေ နှုတ်ခမ်းသား ဖူးဖူးလေးဖြစ်အောင် lip oil (သို့) Lip Gloss ဆိုးပေးလိုက်ရင်တော့ ကိုရီးယားမလေးတွေလို သဘာဝကျပြီး ရိုးရှင်းတဲ့ မိတ်ကပ်အပြင်အဆင်ကိုရရှိမှာပါ။

**Daisy**



## ချိုင်းချွေးနံ့ပျောက်အောင် ဒီအချက်တွေ ပြုလုပ်ကြည့်ပါ

အခုလို ပူအိုက်လွန်းတဲ့ ရာသီမျိုးမှာ ပုံမှန်ချိုင်းချွေး မထွက်တတ်တဲ့သူတွေတောင် ချိုင်းချွေးတွေထွက်ပြီး ချိုင်းချွေးနံ့ထွက်ပြီး စိတ်အနှောင့်အယှက်ဖြစ်စရာကောင်းလှပါတယ်။ ချိုင်းချွေးနံ့ပြင်းပြီး အနံ့ထွက်တတ်တဲ့ သူတွေဆိုရင် ချိုင်းချွေးနံ့က ကိုယ့်ဘေးကလူတွေကိုပါ စိတ်အနှောင့်အယှက်ဖြစ်တဲ့အထိ အနံ့အသက်က ဆိုးရွားပြင်းထန်တတ်ပါတယ်။

ချိုင်းချွေးနံ့ထွက်တာ သက်သာစေဖို့အတွက်ဆိုရင် ရေချိုးအဝတ်စားလဲပေးရုံနဲ့မသက်သာပါဘူး။ ချိုင်းသန့်ရှင်းရေးကိုပါ အထူးဂရုစိုက်ပေးဖို့ အရေးကြီးပါတယ်။ ချိုင်းချွေးနံ့ မနံဖို့အတွက် ချိုင်းမွေးတွေ ရှင်းပေးဖို့ အရေးကြီးပါတယ်။ ချိုင်းမွေးတွေကို အရှည်မထားပဲ ရိတ်တာဖြစ်ဖြစ်၊ နုတ်တာဖြစ်ဖြစ် ပုံမှန်ရှင်းလင်းပေးဖို့ အရေးကြီးပါတယ်။ အရမ်းပူပြီး ချွေးအရမ်းထွက်တတ်တယ်ဆိုရင်တော့ တစ်နေ့ကို နှစ်ခေါက်လောက်တော့ ရေချိုးပေးဖို့လိုအပ်ပါတယ်။

ဝတ်ပြီးသား အင်္ကျီအဝတ်အစားတွေကို နောက်တစ်ခါ ထပ်မဝတ်ပါနဲ့။ ချိုင်းလိမ်းဆီ ( Roll On),Spray တွေကို ရေချိုးပြီးတဲ့အခါတိုင်း ဖြန်းပေးဖို့ လိုအပ်ပါတယ်။ ချိုင်းကြားကိုလဲ ရေချိုးတဲ့အခါမှာ ဆပ်ပြာနဲ့သေချာ ပွတ်တိုက်ဆေးကြော သန့်စင်ပေးပါ။ ချိုင်းသားမည်းပြီး ညစ်နေတယ်ဆိုရင် တစ်ပတ်တစ်ခါ scrub နဲ့ ပွတ်တိုက်ပေးခြင်းအားဖြင့် ချိုင်းက ဆဲလ်သေတွေနဲ့ အညစ်အကြေးတွေ ဖယ်ရှားရှင်းလင်းပေးနိုင်တဲ့အပြင် ချိုင်းချွေးနံ့ခြင်းကိုလည်း သက်သာစေပါတယ်။ ချိုင်းချွေးနံ့ သက်သာဖို့အတွက် တစ်ကိုယ်ရေ သန့်ရှင်းရေးက အလွန်အရေးကြီးပါတယ်။ တကယ်လို့ အခုပြောပြထားတဲ့နည်း တွေအတိုင်းလိုက် လုပ်ပြီးလို့မှ ချိုင်းချွေးနံ့ထွက်တာ မသက်သာဘူးဆိုရင်တော့ အရေပြားနဲ့ အလှအပဆေးခန်းတွေမှာ ဆရာဝန်နဲ့ တိုင်ပင်ပြီး ကုသမှုခံယူပါလို့အကြံပြုလိုက်ပါတယ်။

**Daisy**



## အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး နယ်လှည့်ကွင်းဆင်း ဆောင်ရွက်



**ဆင်ပေါင်ဝဲ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အထဖြစ်ပေါ်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးနိုင်လင်းက အသိပညာပေးဟောပြောပွဲကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ သိသင့်သိထိုက်သည့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံ၊ ကျောင်းသားလူငယ်များ အတုယူစရာကောင်းသည့် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်ပေါ်ထားရှိသည့်စိတ်ဓာတ်နှင့် လွတ်လပ်ရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောင်းသား၊ ကျောင်းသူလူငယ်များအား ဉာဏ်ရည်ဖွံ့ဖြိုးရေးအတွက် စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာဖတ်ဝိုင်းများကို ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြပြီး ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အာဇာနည်နေ့နှင့် ပတ်သက်သည့် အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသားလူငယ်များက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**ရေဦး ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီခွဲက အောင်ဆန်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ကဗျာရွတ်၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်၊ စကားပုံဆက်ပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲတို့ကို ကျင်းပခဲ့သည်။


ရှေးဦးစွာ အသိပညာပေးဟောပြောပွဲကိုကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဆွေဝင်းက ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိလာစေရန် ငယ်စဉ်ကပင် ပြုစုပျိုးထောင်ရမည်ဖြစ်ပါကြောင်း၊ ဗလငါးတန်ဖွံ့ဖြိုးရန် ကျောင်းစာအပြင် ဗဟုသုတရရှိစေမည့် ပြင်ပစာပေများလည်း ဖတ်ရှုရန်လိုပါကြောင်း၊ စာများဖတ်ကြရန်နှင့် အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်မေသက်လွင်စိမ်းက ကလေးများအတွက် အားကစားပြုလုပ်နည်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ကလေးများဉာဏ်ရည်ထက်မြက်စေရန် စကားပုံဆက်ပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကျင်းပပေးရာ စတုတ္ထတန်းကျောင်းသားလေးများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲများအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော ကလေးစာပေဆိုင်ရာ သုတရသစာအုပ်များ၊ အာဇာနည်နေ့အကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို ပြသထားရာ ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ဝင်တစား စာဖတ်ခြင်း၊ ပိုစတာများကြည့်ရှုခြင်းနှင့် အားကစားပြုလုပ်ကြသူများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**






ဖတ်စရာ၊ မှတ်စရာ စုံလင်

## ကမ္ဘာပတ်ဖို့ စာဖတ်စို့

* သူစိမ်းပြင်ပြင် စာသဘင်မှ
စာလုံးစာစု စာတစ်ခုကို
စာကြောင်းပြုညား စာပိုဒ်များဖြင့်
စာပုဒ်စာလုပ် စာတစ်အုပ်လည်း
ရင်းနှီးမကျွမ်းရှိစမ်းပါစေ။

* စက္ကန့်တွေစေ မိနစ်တွေဖြတ်
နာရီမရပ် လမထပ်ဘဲ
နှစ်ပေါင်းများစွာ လေ့ကျင့်ပါလျှင်
ကမ္ဘာတစ်ခွင် အသိယှဉ်၍
ဉာဏ်စဉ်တိုးတက် တခဲနက်လျှင်
နက်နက်နဲနဲ ထဲထဲဝင်ဝင်
ပညာရှင်ဟု
ဝန်းကျင်လက်ခံ တိုင်းနိုင်ငံကို
တစ်ခါကျေးဇူး ပြန်ပြုဖူးသို့
လောကကောင်းကျိုး ပညာမျိုးကို
ဆတိုးပိုင်ပိုင် ဖြန့်ဝေနိုင်မည်
သဒ္ဒါကပ်လို့ စာတတ်ဖို့
ကမ္ဘာပတ်ဖို့ စာဖတ်စို့။ ။

**ဟာမိုနီ**

## (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပ

**ကန့်ဘလူ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် မြို့နယ်အဆင့် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြရာ အထက်တန်းဆင့်၊ အလယ်တန်းဆင့်နှင့် မူလတန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၇၉ ဦး၊ ကဗျာပြိုင်ပွဲတွင် အထက်တန်းဆင့်နှင့် အလယ်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၄၆ ဦး၊ အထက်တန်းဆင့် ဆောင်းပါးပြိုင်ပွဲတွင် ၅ ဦး စုစုပေါင်း ၁၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းထွန်းကျော်နှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။



ယင်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)(၄၈၀)**

## သတင်းပဒေသာ

### အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့၌ ၂၀၂၄ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အ-မ-က (တာလော့ဝမ်ဆာ) ကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် စာအုပ်ပြပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် ဥယျာဉ်ရပ်ကွက် ဌာနစုပေါင်းရုံးဝင်းအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းကာ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် စာအုပ်ပြပွဲကို ယမန်နေ့ နံနက် ၉နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ပြည်သူ့ကျန်းမာရေးမှူး Dr.ကျော်စိုး ဦးဆောင်သောအဖွဲ့သည် ယမန်နေ့က နေ့စဉ်ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် ရေနစ်မြုပ်ပြီး မပြောင်းရွှေ့သည့်အိမ်များသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများ ထိုးနှံ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာရောဂါကာကွယ်ထိန်းချုပ်ရေး စီမံချက်အဖြစ် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများကို ယမန်နေ့ နံနက်ပိုင်းက အခမဲ့ထိုးနှံပေးလျက်ရှိ ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### အသိပညာပေးဟောပြော၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရန်၊ နိုင်ငံတော်၏ နေ့ထူးနေ့မြတ် အထိမ်းအမှတ်နေ့များကို သိရှိစေရန်နှင့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံ အကြောင်းအရာများကိုသိရှိစေရန် ရည်ရွယ်၍ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ရာ ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်းမှ Grade-7 ကျောင်းသား၊ ကျောင်းသူ ၄၅ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### အခြေခံ လျှပ်စစ်သံဂဟေဆက် သင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ မလွန်ကျေးရွာတွင် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အခြေခံလျှပ်စစ်သံဂဟေဆက် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီက မလွန်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး၏ (၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**ပြင်ဦးလွင် ဇူလိုင် ၁၆**

ပြင်ဦးလွင်မြို့တွင် တည်ထား ကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး၏ (၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက ဘုရားကြီး၏ ရင်ပြင်တော်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့လယ်ရွှေစည်းခုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ ဆရာတော်များထံမှ မေတ္တသုတ် အစရှိသော ပရိတ်တရားတော်များ နာယူခြင်း၊ တာဝန်ရှိသူများနှင့် အလှူရှင်များက မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးအား ဆက်ကပ်လှူဒါန်းပူဇော်မည့် ဝါဆိုသင်္ကန်းတော်ကြီးအား ဩဝါဒါစရိယ စတုဘုမ္မိကကျောင်းတိုက်ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းခြင်း၊ ဩဝါဒါစရိယ ဆရာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်ပြီး ရတနာမာရ်အောင်ကျောင်းတိုက် ဆရာတော်ထံမှ ဝါဆိုသင်္ကန်းလှူဒါန်းရခြင်း အကျိုးတရားနှင့် ပတ်သက်၍ ရေစက်ချ အနုမောဒနာတရားနာယူခြင်း၊ ဆရာတော်တို့အား ဩကာသကန်တော့ချီးဖြင့် ထပ်မံရှိခိုးကန်တော့၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ပြီးစီးခဲ့ပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား မဟာဇေယျသိဒ္ဓိ သာသနာ့ဗိမာန်တော်တွင် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ကဆ)**

*-*-*-*-*

## ဆင်ပေါင်ဝဲမြို့နယ် သာယာမိုးရပ်ကွက်ရှိ ရေဘေးသင့်အိမ်ထောင်စုများအား အစားအသောက်များထောက်ပံ့

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် သာယာမိုးရပ်ကွက်ရှိ ရေဘေးသင့်အိမ်ထောင်စုများအား ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချန်ဖီယာန်၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းတို့က သာယာမိုးကျေးရွာ လူဦးရေ ၁၅ဦးတို့အတွက် ဆန်နှင့်ကြက်ဥတို့အား ရေဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**





## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး ဇူလိုင် ၁၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ကျင်းပသည်။

ရှေးဦးစွာ မန္တလေးမြို့နေ ဦးသန်းလွင် + ဒေါ်သန်းသန်းဦး (စင်ကာပူစတိုး) မိသားစုက နှစ်ဖက်မိဘများကို အမှူးထား၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၅၅ သိန်းတွင် ၅ သိန်းကျပ် ဖြည့်စွက်လှူဒါန်းရာ စုစုပေါင်း ငွေကျပ် သိန်း ၆၀ လှူဒါန်းမှုအတွက် ဥပဏ္ဍာမှူးက အဖွဲ့အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေသဝ အရှင်မြတ်က ရေစက်ချ အနုမောဒနာတရားဟောကြားချီးမြှင့်ပြီး အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော သံဃာတော် အရှင်မြတ်တို့အား နေ့ဆွမ်း ဆက်ကပ်ကာ လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(ကဆ)**

## မင်းဘူးမြို့ ရေဘေးရှောင်စခန်းများသို့ သောက်ရေ၊ သုံးရေနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**မင်းဘူး ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီးမင်းဘူးမြို့ရှိ ရေဘေးရှောင်စခန်းများသို့ ဇူလိုင် ၁၄ ရက် ညနေ ၅ နာရီက သောက်ရေ၊ သုံးရေနှင့် စားသောက်ဖွယ်ရာများ လာရောက်လှူဒါန်းပေးလျက်ရှိကြောင်း ချမ်းသာကြီး ပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထွန်းထံမှ သိရသည်။

မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက်တွင် ချမ်းသာကြီးကျောင်းဝင်း၊ အ-ထ-က (၁) အားကစားကွင်း၊ စက္ကိန်းတဲဘုရား ပရိဝုဏ်အတွင်းနှင့် အမှတ်(၄)ရပ်ကွက်တွင် မှန်ကင်းကျောင်းဝင်း၊ ကြောင်လိန်ဘုရား ပရိဝုဏ်အတွင်းနှင့် ရှင်မင်းဘူး ဘုန်းတော်ကြီး ကျောင်းဝင်းများတွင် ရေဘေးရှောင်စခန်းများ ထားရှိသည်။ **(ယာပုံ)**

ထိုရေဘေးရှောင်စခန်းများသို့ ကျောက်တန်းကျေးရွာ (AAA) သောက်ရေသန့်နှင့် လောဟိတဒါန လူမှုကယ်ဆယ်ရေးအဖွဲ့မှ ၂၀ လီတာ သောက်ရေသန့်ဘူး ၂၁၀ ဘူးကိုလည်းကောင်း၊ အမှတ်(၄) ရှမ်းစုရပ်ကွက်မှ ဦးသန်းဇော်လင်းက ရေဂါလန် ၂၀၀ ဆံ့ ကားသုံးစီးဖြင့်လည်းကောင်း၊ ချမ်းသာကြီး ကျောင်းထိုင် ဆရာတော် ရှင်ပညာသီရိနှင့် တပည့် ဒါယကာ၊ ဒါယိကာမများမှ ကြာဇံချက်များကိုလည်းကောင်း၊ မှန်ကင်းကျောင်းတွင် အလှူရှင်များက စမူဆာများကိုလည်းကောင်း ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကဆ)**



# တာဝန်ထမ်းကြသည်ဆိုရာဝယ်

နိုင်ဗလ

**(၈-၇-၂၀၂၄)ရက် စာမျက်နှာ-၁၇ မှအဆက်**

ညကတည်းက မိုးက တစိမ့်စိမ့် ရွာသည်။ မိုးလင်းခါနီးတွင် မိုးတိတ်သည်။ လုပ်ငန်းခွင်ထဲဝင်လျှင် မိုးအုံ့နေ၍ အလုပ် ပိုလုပ်နိုင်မည်ဟု တွေးမိသည်။ နံနက် ၄ နာရီထ အားကစားလုပ်ရမည်။ မျက်နှာသစ်ရန်အတွက် ဓာတ်မီးဆွဲ၍ ရေချိုးဆောင်ဘက် ဆင်းခဲ့သည်။ ဒုဋ္ဌဝတီမြစ်ရေတိုးနေပြီဖြစ်သည်။ လေနအေးကလည်း ကျောထဲကို စိမ့်ကနဲ စိမ့်ကနဲ အေးလာစေသည်။ အိမ်တွင် စိုက်ပျိုးထားခဲ့သော အပင်လေးများကို သတိရသည်။ ဒီမိုးနှင့်ဆိုလျှင် တော်တော်သန်စွမ်းနေလောက်ပြီ။ ပတ်ဝန်းကျင် ချုံစပ်နှင့် ငှက်ပျောတောဘက်သို့ ဓာတ်မီးဖြင့် ထိုးကြည့်ရင်း ဆင်းခဲ့သည်။ ရုတ်တရက်မြင်ကွင်းကြောင့် လှမ်းမည့်ခြေလှမ်းကို ရုပ်လိုက်ပြီး သတိဖြင့် ဘေး၊ နောက်ကို ဓာတ်မီးဖြင့် ကြည့်သည်။ ရှေ့တွင် တစ်ပေခွဲခန့်အရှည် အကွက်များပါသည့် မြွေသုံးကောင်ကို တွေ့သည်။ ရေချိုးဆောင် ဆင်းသည့်လမ်းကို ဖြတ်၍ တရွေ့ရွေ့ တစ်ဖက်လျှိုထဲသို့ ဆင်းသွားသည်။ သတိဖြင့် ဆင်းလာရာ နောက်ထပ် နှစ်ကောင် တွေ့သည်။ ရေချိုးဆောင်တွင် ဓာတ်မီးကို ခလုတ်ဖွင့်ထား၍ သတိဖြင့် မျက်နှာသစ်သည်။ ပြီးလျှင် အဆောင်သို့ ပြန်လာသည်။ အဆောင်ရောက်သော် ကျွန်တော်ကဲ့သို့ လေ့ကျင့်ခန်းလုပ်မည့်သူ နှစ်ဦး၊ သုံးဦး နိုး၍ အိပ်ရာသိမ်းနေသည်ကို တွေ့သည်။ အောက်ဆင်းလျှင် သတိဖြင့်ဆင်းရန်၊ ဓာတ်မီးယူသွားရန် သတိပေးရသည်။ ပြီးလျှင် အဆောင် ၂၊ ၃ တို့ဘက် လျှောက်ရင်း အောက်ဆင်းလျှင် ဓာတ်မီးဖြင့် ဆင်းရန် မြွေရှိကြောင်း အော်၍ သတိပေးပြီး အားကစားလေ့ကျင့်ခန်း လုပ်သည်။ အောက်ဘက်မှ ဆူညံသံကြားသည်။ မြွေတွေ့၍ ရိုက်နေကြခြင်းဖြစ်သည်။ နံနက်စာ စားချိန်တွင် စားရိပ်သာ၌ မြွေအကြောင်းပြောဖြစ်ကြသည်။ ကြီးကြပ်ဆရာရှမ်းက စပါးကြီး၊ စပါးအုံးမြွေပေါက်စများဖြစ်ကြောင်းပြောမှ စိတ်အေးရသည်။ မြွေပေါက်ကလေးများ ဤမျှပေါလျှင် မြွေကြီးများလည်းရှိမည်ဟု တွေး၍ သတိဖြင့်နေရန် ထပ်မံသတိပေးရသည်။

ထုံးစံအတိုင်း တန်းစီ၊ လူစစ်၊ လိုအပ်သောလက်နက်ကိရိယာ၊ စက်ပစ္စည်းများထုတ်၊ သက်ဆိုင်ရာအလံယူ၍ လုပ်ငန်းခွင်သို့ ဝင်ခဲ့ကြသည်။ မနေ့က ရှင်းထားသောနေရာတွင် ယနေ့သစ်ပင်ငယ်များကို ချစိုက်သည်။ ပေါက်ပြားဖြင့် မြေကျင်းများ တူးရသည်။ နောက်မှ အဖွဲ့က အပင်စိုက်၊ မြေဖို့၊ ကရွတ်ခွေရသည်။ အပင်ခြေရင်းတွင် မြက်ခြောက်များကိုလိမ်၍ ကရွတ်သဖွယ်ခွေ၍ အုံထားခြင်းဖြစ်သည်။ မြေကြီး၏ အစိုဓာတ်ကို ထိန်းသိမ်းရာရောက်ပြီး ခွေးသွားလျှင်လည်း မြေသြဇာရစေသောနည်းဖြစ်သည်။ မြေကျင်းတူးရသည်မှာ မောလှသည်။ နေ့လယ်ပိုင်းတွင် ကျွန်တော်တို့ တူးသမျှ ကျင်းတိုင်းတွင် အပင်များ စိုက်ပြီးမည်ဟု မှန်းသည်။ ကိုစောအောင်တို့အဖွဲ့နှင့် ကျွန်တော်တို့ အပြိုင်ကျင်းတူးရင်း တောစပ်သို့ပင် ရောက်လာပြီ၊ ညနေပိုင်းတွင် တောဆက်ရှင်းရတော့မည်။ အမြင့်ပိုင်းဖြစ်၍ ခဏထိုင်နားရင်း ပတ်ဝန်းကျင်ကို ကြည့်မိသည်။ ခွဲ ၁ အလံကို ဟိုဘက်အနိမ့်ထဲမှ တွေ့သည်။ ခွဲ ၂ အလံကို ရှာကြည့်သည်။ တွေ့ပြီ အပြာရောင်အလံ၊ သို့သော်ထူးခြားသည် အလံကရွေ့နေသည်။ အမှန်က လုပ်ကွက်တွင် စိုက်ထားရမည်ဖြစ်သည်။ နိမ့်လိုက်၊ မြင့်လိုက် ရမ်းခါလိုက်ဖြင့် အလံက ရွေ့နေသည်။ သေချာပြီ၊ ဒါ အလံကိုင်ပြီး ပြေးနေခြင်းဖြစ်မည်။ မတည့်အတူနေ ပြိုင်ဘက်ကြီး ကိုစောအောင်တို့အဖွဲ့နှင့် လှသူကို အော်ခေါ်သည်။ ဓားရှည်များကိုယူစေပြီး ခွဲ ၂ ပြေးနေသောဘက်သို့ ကြီးကြပ်ဆရာကို သတင်းပို့ပြီး အပြေးချီတက်ခဲ့သည်။ ဝါးတော၊ ချုံတောများတိုး၍ အတင်းတက်ကြသည်။ ခွဲ ၂ အနားသို့ရောက်တော့ မောနေပြီဖြစ်သည်။ ခွဲ ၂ မှ ရဲဘော်၊ ရဲမေများလည်း မောလွန်း၍ မြေတွင်ထိုင်ရင်း နားနေကြသည်။ ကြောက်လန့်နေကြသည်။ တို့လာပြီ ဘာဖြစ်တာလဲဟု အော်မေးရာ ပေါင်လုံးခန့် မြွေကြီးထွက်လာ၍ ထွက်ပြေးကြသည်ဟု ပြောသည်။ လူစစ်ကြရာ လူစုံသည်။ ကြီးကြပ်သစ်တောအရာရှိက "ငါလည်း ထိန်းတာပဲမရဘူးကွ၊ လန့်ပြီး ပြေးကြတာ" ဟု ပြောသည်။ ခွဲ ၂ ၏ လုပ်ကွက်သို့ ပြန်သွားရင်း ချုံများ၊ တောများကို တိုး၍ ရှာဖွေကြသည်။ သတိဖြင့် တန်းစီတိုး၍ ရှေ့တိုးသည်။ စိတ်ချရမှ မိမိတို့ ခွဲ ၃ နေရာသို့ အပြေးပြန်ခဲ့ကြသည်။ ခွဲ ၃မှ အဖွဲ့များက စိုးရိမ်တကြီး စောင့်နေကြ၍ အကြောင်းစုံပြောပြပြီး မိမိတို့တပ်ခွဲ တစ်ဦးနှင့်တစ်ဦး အနီးစပ်ဆုံးမြင်သာသော နေရာများအတွင်း နေရာစုစုစည်းစည်း အလုပ်လုပ်ရန် ဆုံးဖြတ်ချက်ချကြသည်။ သက်ဆိုင်ရာလုံခြုံမှုထိန်းသိမ်းရေးတပ်မှ ရဲဘော် ၂ ဦးကလည်း အပြေးဆင်းလာ၍ အားပေးစကားပြောသည်။ သူတို့နေရာ ယူသော တောင်ကြောပေါ်မှ ပြေးဆင်းလာရခြင်းဖြစ်၍ ၄၅ မိနစ်ခန့်ကြာမှ ခွဲ ၂ နားရောက်သည်။ သတိဖြင့်နေရန် ပြောကြားသတိပေးခဲ့ကြသည်။

နေ့ခင်းပိုင်းတွင် တောဆက်ရှင်းကြသည်။ ခါတိုင်းလို အပြိုင်အဆိုင် အလောတကြီး မလုပ်ကြတော့ဘဲ သတိဖြင့် ရင်ပေါင်တန်းရင်း ရှင်းတက်တက်ခဲ့ကြသည်။ သစ်တောအရာရှိက ငါ့ကောင်တွေ အခု အလုပ်လုပ်တဲ့ပုံက အမှန်ပဲကွ။ တစ်ယောက်နဲ့ တစ်ယောက်လည်း စောင့်ရှောက်လို့ရတယ်။ အရမ်းလည်း မပန်းဘူး။ ညီညီညွတ်ညွတ်တက်ကြပေ့ဟု ရယ်ရယ်မောမောပြောသည်။ ရှေ့တွင် ဝါးရုံတန်းကြီးကာနေသည်။ ကိုစောအောင်တို့အဖွဲ့က ဖြတ်စက်တစ်လုံး၊ ကျွန်တော်တို့အဖွဲ့က ဖြတ်စက်တစ်လုံးဖြင့် ရှင်းကြမည်ဖြစ်သည်။ ဓားရှည်သမားနှစ်ဦးက နောက်ကလိုက်၍ ရှင်းကြသည်။ ကိုစောအောင်၏စက်က ပျားအုံကို ရမ်းမိသည်။ ပျားအုပ်က ဝုန်းကနဲ ထလာသည်။ လွတ်ရာပြေးကြရသည်။ တော်သေးသည်။ ပျားလေးအုံဖြစ်သည်။ အတုပ်ခံရသော်လည်း မဖျား၊ အလုပ်နားစရာမလို ကျွန်တော်က ချက်ခြင်း အဆိပ်ဆူးနုတ်၍ စုပ်ခွက်ဖြင့် စုပ်ပေးလိုက်သည်။ အလုပ်ဆက်လုပ်ရန် ပြင်ကြပြန်သည်။ ရှေ့တွင်ကျနေသော သစ်ကိုင်းတစ်ကိုင်းကို ဓားရှည်ဖြင့် လွှဲ၍ခုတ်လိုက်သည်။ ဝီကနဲအသံဖြင့် တစ်စုံတစ်ခုက မြားဖြင့် ပစ်သလို မျက်နှာသို့ ပြေးလာသဖြင့် နောက်ခုန်ဆုတ်၍ တစ်ဖက်လှည့်လိုက်သော်လည်း လည်ကုပ်နောက်သို့ ထိသွားသည်။ ပူကနဲ ခံစားမိပြီး မျက်စေ့ပြာဝေသွားသည်။ ဒူးထောက်ထိုင်ရင်း ငါထိပြီပေ့ဟုဟု သာအော်ပြီး မထနိုင် လည်ကုပ်ကို လက်ဖြင့် အုပ်ရင်း ထိုင်နေသည်။ အားလုံးက ပြေးလာပြီး ဒဏ်ရာကို ကြည့်ရာ နီရဲယောင်ကိုင်းနေပြီး နာကျင်မှုဒဏ်ကလည်း ပြင်းထန်လှသည်။ သစ်တောအရာရှိနှင့် ဆေးအဖွဲ့က ပြုစုပေးပြီး ကျွန်တော့်အား ထိုင်နားနေစေသည်။ တစ်ကိုယ်လုံးမလှုပ်ချင်လောက်အောင် နာကျင်သည်။ ကျွန်တော်ခုတ်လိုက်သော ဓားချက်က ပဒူအုံကို ထိမိသွားသဖြင့် ပဒူအတုပ်ခံရခြင်းဖြစ်သည်။ တစ်ကိုယ်လုံး ထုံနာနာကြီးဖြစ်နေအောင်ပင် အဆိပ်က ပြင်းထန်လှသည်။ လုပ်ငန်းသိမ်းချိန်မရောက်ခင် အလုပ်ဆက်လုပ်ရန် ဓားရှည်ဆွဲ၍ထသည်။ မတည့်အတူနေ ကိုစောအောင်တို့အဖွဲ့နှင့်လည်း အနည်းငယ်ပြေလည်စပြုလာသည်။ ဓားရှည်များဖြင့် ချုံများခုတ်နေကြရင်း လျှိုစပ်အရောက်တွင် ရှေ့ကမူဘေးမှ မြွေကြီးတစ်ကောင် လျှောကနဲထွက်လာသည်၊ ပေါင်လုံးခန့်တုတ်သည့် အရှည်က တစ်လံကျော်၊ ဆတ်ကနဲ နောက်သို့ ခုန်ဆုတ်ရင်း ဓားကို ဦးခေါင်းပေါ်လွှဲတင်လိုက်သည်။ ဘေးမှ လှသူလည်း ပြိုင်တူခုန်ဆုတ်၍ မြွေကြီးဟဟု အော်သဖြင့် အမျိုးသားအဖွဲ့က ပြေးလာသည်။ အမျိုးသမီးအဖွဲ့ကတော့ ကြောက်၍ တစ်ယောက်လက် တစ်ယောက်ဆွဲ၍ ပြေးပြီ၊ ဓားရှည်များဖြင့် အသင့်အနေအထားရယ်၍ ပြင်ကြသော်လည်း မြွေကြီးက လျှိုစပ်သို့ လျှောကနဲ ဆင်းသွားသည်။ ထို့နေ့က ကံမကောင်း ပျားတုပ် ခံရသူ၊ ပဒူတုပ်ခံရသူ ငါးဦးထက်မနည်းရှိခဲ့သည်။ မြွေကြီးနှင့်လည်း တပ်ခွဲ ၂ ခွဲတွေ့ကြသည်။ စခန်းရောက် ရေချိုး၊ ညစာစားပြီး စုဝေးခန်းမတွင် စည်းဝေးစဉ် ကျွန်တော်က စခန်းမှူးအား တင်ပြခဲ့သည်။ ဓားတို၊ ဓားရှည်တို့ကို ကိုယ်နှင့်မကွာဆောင်ထားသင့်ကြောင်း၊ ကိုင်ဆောင်ခွင့်ပြုသင့်ကြောင်း၊ အရေးပေါ်အန္တရာယ်ဖြစ်လာပါက စုပေါင်းဖြေရှင်း၊ တစ်ယောက်ခြင်း ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ လက်နက်ကြောင့် ပြဿနာမဖြစ်အောင် တာဝန်ကျ စိတ်မှူး၊ ခွဲမှူး၊ စုမှူး၊ အဆောင်မှူးတို့နှင့်အတူ အချင်းချင်း ကြပ်မတ်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ကတိပြုကြောင်း တင်ပြရာ စခန်းမှူးက ခွင့်ပြုပေးခဲ့သဖြင့် ထိုနေ့မှစ၍ ဘောင်းဘီရှည်နှင့် တောစီးဖိနပ်ကိုသာသုံးပြီး နေ့နေ့ညည ဆေးအိတ် ခါးပတ်နှင့် ဓားမြောင်၊ ဓားရှည်တို့ကို ကိုယ်နှင့်မကွာထားသည်။ ညအိပ်လျှင်ပင် ဘောင်းဘီရှည်နှင့်အိပ်၍ ခြင်ထောင်ထဲတွင် တောစီးဖိနပ်၊ ဓားတို့ကို အဆင်သင့် အနားတွင်ကပ်၍ အိပ်ကြသည်။ ညအပေါ့အပါးသွားလျှင် အဖော်ဖြင့် ထွက်ကြသည်။ သတိဖြင့်နေခဲ့ရသော ကာလများဖြစ်သည်။



နောက်တစ်နေ့တွင် မိုးက ဆက်အုံ့သည်။ မနေ့က ပဒူအတုပ်ခံရသဖြင့် တစ်ကိုယ်လုံး နာကျင်နေခဲ့သမျှ ယနေ့တွင် ပေါ့ပါးနေသည်။ ပဒူဆိပ်က အကြောများ ပြေသလား မပြောတတ်၊ တပ်ခွဲလိုက် တန်းစီ၍ အလုပ်ခွင်ဝင်ရန် ပြင်နေစဉ် အရှေ့ဘက်တောင်ကြောထိပ်မှ တိမ်တိုက်၊ တိမ်တောင်ကြီးသည် တအိအိ နိမ့်ဆင်းလာသည်ကို သတိပြုမိသည်။ သစ်တောအရာရှိများက လုပ်ကွက်အတွင်းရောက်က တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်နေရန် အကယ်၍ မြူကျလာပါက တစ်နေရာတွင်စု၍ ထိုင်နေကြရန် မှာကြားသည်။ လုပ်ကွက်များအတွင်းရောက်၍ အလုပ်လုပ်နေရင်း တဖြည်းဖြည်း မှိုင်းမှုံလာသည်။ စိမ့်အေးလာသော အငွေ့အသက်ကိုလည်း ခံစားလာရသည်။ အရှေ့ဘက်တောင်ကြောမှ တိမ်စိုင်တိမ်လိပ် ဖွေးဖွေးကြီးများက ရေလှိုင်းကြီးများသဖွယ် တလိမ့်လိမ့်ဆင်းလာသည်မှာ တောင်ခြေနားပင်ရောက်ပြီ။ သစ်တောအရာရှိက "တစ်ယောက်နှင့် တစ်ယောက် ပူးပြီးထိုင်နေကြ မြူဖုံးတော့မယ်" ဟု သတိပေးသည်။ အားလုံးစု၍ ထိုင်နေစဉ်မှာပင် မြူထုကြီးက ဖုံးလွှမ်းသွားသည်။ ထူးဆန်းသည်မှာ တစ်ယောက်နှင့် တစ်ယောက် ထိလျက် ထိုင်နေကြသော်လည်း တစ်ယောက်နှင့် တစ်ယောက် လုံးဝမမြင်ရ။ မျက်လုံးထဲတွင် အဖြူရောင်သာမြင်ရသည်။ မိန်းကလေးများကား ကြောက်၍ အော်ဟစ်နေကြသည်။ လူစုမကွဲရန် သတိပေးနေရသည်။ ရှေးဟောင်းစာပေများထဲတွင် သင်ခဲ့ရဘူးသည်။ "ဆိတ် ဆိတ်ညံ" "ဖွေးဖွေးမှောင်" ဟူသော စကားလုံးများဖြစ်သည်။ "ဆိတ်ဆိတ်ညံ" စကားလုံး အဓိပ္ပာယ်မှာ တိတ်ဆိတ်ခြင်း၏ အသံကို နားထဲတွင် မခံမရပ်နိုင်အောင် ဆူညံသည့်သဘောကို ဆိုလိုသည်။ ၁၉၈၈ လွန်ကာလ အထက်အင်းတော်ဘက် တောထဲသို့ သွားစဉ် နှစ်ဦးတည်း တောထဲ၌ အိပ်ရ၊ နားရစဉ်က အစောပိုင်းတွင် တိရစ္ဆာန်နှင့် ငှက်အချို့၏ အသံများ၊ ပုရစ်အော်သံတို့ဖြင့် ကြိုးကြား ကြားရသော်လည်း တစ်ခါတစ်ရံ နာရီနှင့်ချီ၍ ထူးဆန်းစွာမည်သည့်အသံမျှ မကြားရဘဲ လုံးဝတိတ်ဆိတ်သွားသည်ကို ကြုံရသည်။ မိမိ၏အသက်ရှူသံနှင့် နှလုံးခုန်သံသာ သိသာစွာ ကြားရသည်ထိ တိတ်ဆိတ်သွားသည်။ ထိုတိတ်ဆိတ်မှုကို နားမှ စိတ်မှ မခံစားနိုင်။ ပြင်းထန်စွာ ဆူညံသကဲ့သို့ ခံစားရသည်။ ကိုယ်တွေ့မို့ သိခဲ့ရသည်။ ယခုလည်း ဖွေးဖွေးဖြူနေသည်ကို မြင်နေရသော်လည်း ဘာကိုမျှ မမြင်ရသဖြင့် အမှောင်ထဲတွင် စမ်းတဝါးနေရသကဲ့သို့ဖြစ်သည်။ ထို့ကြောင့် ရှေးစာဆိုကြီးများက "ဖွေးဖွေးမှောင်" ဟု တင်စားခြင်းဖြစ်သည်။ တစ်နာရီခန့်ကြာမှ မြူထုကွဲ၍ နေရောင်ပျပျ တဖြည်းဖြည်းခြင်း မြင်ရသည်။ စိုးရိမ်စိတ်များလည်း တဖြည်းဖြည်း ပြယ်၍ ပုံမှန်လုပ်ငန်းများကို ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ကြပေသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

**ရွှေဘို ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ(ခရိုင်အဆင့်)ကို ဇူလိုင် ၁၂ ရက်နံနက် ၈ နာရီက ကျင်းပခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦး၊ နယ်မြေခံတပ်နယ်မှူးနှင့် မြို့နယ်သစ်တောဦးစီးမှူးတို့က ရွှေဘိုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာတင်တင်ရီ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒေသခံပြည်သူများထံ သစ်ပျိုးပင်များ ပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒုပါမောက္ခချုပ်ဆရာမကြီးများ၊ ပါမောက္ခ၊ ကထိက၊မော်ကွန်းထိန်း၊ နည်းပြ၊ သရုပ်ပြဆရာ၊ ဆရာမများ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ပျိုးသက် ၂ နှစ်သား အမြင့် ၂ ပေ အထက် ပိတောက်၊ ခရေ၊ သပြေဘူတ၊ မယ်ဇယ်၊ ရေတမာ၊ စိန်ပန်းနှင့် ဝါးစုစုပေါင်းသစ်ပျိုး ပင် ၆၉၅ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြပြီး မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ အောင်ဇေယျဂေါက်ကလပ် စိမ်းလန်းစိုပြည်သာယာလှပရေး မြို့နယ်သစ်တောဦးစီးဌာနနှင့် အောင်ဇေယျဂေါက်ကလပ်တို့ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို အောင်ဇေယျဂေါက်ကလပ်၊ ကျင်းအမှတ်(၂)တွင်ကျင်းပရာ ပျိုးသက် ၂ နှစ်သား အမြင့် ၂ ပေအထက် ခရေ၊ သပြေဘူတ၊ တမာနှင့်ဝါး စုစုပေါင်းပျိုးပင် ၆၇၀ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်း

**သာစည် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၁၅ ရက်နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သာစည်မြို့နယ်ဦးစီးမှူး ရုံးမှဦးစီးအရာရှိ ဦးမြတ်သူရက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများအား ရှင်းလင်းရာတက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့သည်။ဆက်လက်ပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပန်းခင်း(၃)စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ် ၁၃၈ ကတ်အား မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌက ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဝင်းထံ ပေးအပ်သည်။ ထို့နောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးပွဲသို့ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာသန်းခေါင်စာရင်းကော်မတီဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှုအထောက်အကူပြုအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၇)**

# မန္တလေးမြို့တွင် ဧရာဝတီမြစ်ရေ လက်ရှိရေအမှတ်အောက်သို့ ကျဆင်း

**မန္တလေး ဇူလိုင် ၁၆**

မြန်မာပြည်အထက်ပိုင်းဒေသများတွင် မိုးလယ်ကာလ မိုးရွာသွန်းမှုများပြားသဖြင့် ဧရာဝတီမြစ်ရေသည်လက်ရှိရေမှတ်များ အထက်မြင့်တက်ခဲ့သော်လည်း ဇူလိုင် ၁၆ ရက်တွင် လက်ရှိရေအမှတ် အောက်ကျဆင်းနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၆ ရက် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၁၂၇၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ မန္တလေးမြို့၏ စိုးရိမ်ရေအမှတ်မှာ ၁၂၆၀ စင်တီမီတာဖြစ်ပြီး ၁၂ စင်တီမီတာ ကျဆင်းလာလျက်ရှိသည်။ အလားတူ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့တွင် ၁၄၉၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်မှာ ၁၄၈၀ စင်တီမီတာဖြစ်သည်။ ညောင်ဦးမြို့တွင် ၂၂၇၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်မှာ ၂၁၂၀ စင်တီမီတာဖြစ်ပြီး စိုးရိမ်ရေအမှတ်ထက် ကျော်လွန်လျက်ရှိသည်။စစ်ကိုင်းမြို့တွင် ၁၁၇၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်မှာ ၁၁၅၀ စင်တီမီတာဖြစ်သည်။ တောင်သမန်အင်းရှိ ဦးပိန်တံတားတွင်လည်း ရေများတိုးလျက်ရှိပြီး တံတားကြမ်းခင်းနှင့် တစ်ပေခန့်အကွာ ရောက်ရှိနေသည်။ မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တို့တွင် နောက် ၃၆ နာရီအတွင်း ဧရာဝတီ မြစ်ရေ ကျဆင်းနိုင်ပြီး စိုးရိမ်ရေ မှတ်အောက်တည်ရှိနိုင်ကြောင်း၊ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားကြောင်း သိရသည်။

**(၀၄၅)**

# ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းဆယ်ယူခြင်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ညောင်ရွှေ ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့၊ မြို့မမင်္ဂလာဈေး၌ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းဆယ်ယူခြင်း ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ဇူလိုင် ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့်တာဝန်ရှိသူများက ညောင်ရွှေမြို့၊ မြို့မမင်္ဂလာဈေး၌ မိုးကာလရေစီးရေလာကောင်းမွန်စေရေးအတွက် ဈေးအနီး ရေနုတ်မြောင်းများတွင် အမှိုက်၊ နုန်းဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ကေသီနွယ်ဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ အမှုဆောင်အရာရှိက ရေနုတ်မြောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး၊ မြို့တွင်းရေမြောင်းစနစ်များ စနစ်တကျလည်ပတ်စီးဆင်းစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားကာလုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနအနေဖြင့် မိုးရာသီကာလတွင် မြို့တွင်းရေကြီးရေလျှံမှုမရှိစေရေးအတွက် မြို့တွင်းရေနုတ်မြောင်းများ၊ ရေထွက်နေရာများတွင် အမှိုက်၊ နုန်းဆယ်ယူခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**ကျော်စောဦး(မောရှမ်းမြေ)**





# အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ပန်းတောင်း) မေဂျာပေါင်းစုံအားကစားပြိုင်ပွဲများဖွင့်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအုပ်ကြီးဖလား မေဂျာပေါင်းစုံ အားကစားပြိုင်ပွဲများ ဖွင့်ပွဲကို၊ ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ဖူဆယ်ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများဖွင့်ပွဲကို ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများက မေဂျာအလိုက် အလံကိုင်အဖွဲ့များဖြင့် ကွင်းအတွင်းဝင်ရောက် နေရာယူကြပြီး၊ ကျောင်းအုပ်ကြီးကိုယ်စား ဒုတိယကျောင်းအုပ်ကြီး ဦးဟန်ဝင်းအောင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲများကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ ဆက်လက်၍ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးကြပြီး အားကစားသမားများက ဒုတိယကျောင်းအုပ်ကြီး၏ ရှေ့မှောက်တွင် အားကစားသစ္စာအဓိဋ္ဌာန်များ ရွတ်ဆိုကြသည်။ ထို့နောက် ဒုတိယကျောင်းအုပ်ကြီး ဦးဟန်ဝင်းအောင်က အားကစားပြိုင်ပွဲဖွင့်ပွဲ မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဖွင့်ပွဲအပြီးတွင် ဌာနမှူး ဆရာများနှင့် ကျောင်းသားများ ချစ်ကြည်ရေးပြိုင်ပွဲအဖြစ် ဖူဆယ်ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပရာ၊ ကျောင်းသားအသင်းက ဆရာအသင်းကို (၆)ဂိုး၊ (၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ EC/Mech အသင်းနှင့် EP/Civil အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ EC/Mech အသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အားကစားပြိုင်ပွဲများမှာ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲများ ပါဝင်ကြောင်းသိရပြီး မေဂျာအလိုက် ပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၁၅၀ ဦးဖြင့် ဇူလိုင် ၁၅ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက်ပိုင်းတစ်ကြိမ်နှင့် ညနေပိုင်းတစ်ကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**(အပေါ်ဓါတ်ပုံ)**

**(၄၅၆)**

# “(၁)ဒေါ်နီလာ၊ (၂)ဒေါ်မေစန်းမောင်၊ (၃)ဦးကျော်စန်းဌေးတို့ကြေညာခဲ့သော (၇-၇-၂၀၂၄)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၏ စာမျက်နှာ(၂၂)ပါ ကြေညာချက်များ မမှန်ကန်ကြောင်း သတိပေးကြေညာခြင်း”

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်(၅၉၈)၊ ဦးပိုင်အမှတ်(၁၇/ခ)နေ (၁)ဦးမောင်မောင်လတ်(ဘ)ဦးကျော်ဌေး(၉/မရမ(နိုင်)၀၃၇၄၁၈)၊(၂)ဦးမောင်မောင်လေး(ဘ)ဦးကျော်ဌေး(၉/မရမ(နိုင်)၀၅၆၅၄၉)၊ (၃)ဦးခင်မောင်ဌေး(ဘ) ဦးကျော်ဌေး(၉/မရမ(နိုင်)၀၅၆၅၅၂)၊ (၄)ဦးခင်မောင်ကျော်(ဘ)ဦးကျော်ဌေး(၉/မရမ(နိုင်)၀၅၆၅၂၉)တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာပါသည်။

(၇-၇-၂၀၂၄)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၏ စာမျက်နှာ(၂၂)တွင် လူကြီးမင်းတို့(၃)ဦး ထည့်သွင်းကြေညာခဲ့သော ကြေညာချက်ပါ အကြောင်းအရာများမှာ မမှန်ကန်၊ မှားယွင်းကြောင်း၊ ဥပဒေအရ တောင်းဆိုပိုင်ခွင့်မရှိသည်များကို တောင်းဆိုထားသည်ဖြစ်ခြင်းကြောင့် လူကြီးမင်းတို့၏ ဟန့်တားနှောင့်ယှက်မှုသည် အကျိုးမဝင်အချည်းနှီးဖြစ်ကြောင်းနှင့် ထိုသို့ ကြေညာပိုင်ခွင့်မရှိကြောင်း ဦးစွာပထမသိစေလိုသည်။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်(၅၉၈)၊ ဦးပိုင်အမှတ်(၁၇/ခ)၊ ဧရိယာ(၀ ဒသမ ၀၂၅၈)ဧက အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ လူကြီးမင်း၏ခင်ပွန်းဖြစ်သူ ဦးစန်းမောင်မှ ကျွန်ုပ်မိတ်ဆွေများသို့ (၁၅-၁၁-၂၀၀၁)ရက်တွင် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စွန့်လွှတ်စာတမ်းစာချုပ်အမှတ်(၃၅၃၄/၂၀၀၁)အရ တရားဝင်စွန့်လွှတ်ခဲ့ပြီးဖြစ်ကာ အချိန်ကာလအားဖြင့် (၂၃)နှစ်သက်တမ်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ တရားဝင် မှတ်ပုံတင်စွန့်လွှတ်ပြီးဖြစ်သည့်အတွက် လူကြီးမင်းတို့အနေဖြင့် ပိုင်ရေးပိုင်ခွင့်တစ်စုံတစ်ရာမရှိတော့သည့်အပြင် ဒေါ်နီလာ၏ ခင်ပွန်းဖြစ်သူ(စွန့်လွှတ်သူ)ဦးစန်းမောင်မှ ကျေနပ်စွာ စွန့်လွှတ်ပေးထားသော ပစ္စည်းရပ်များဖြစ်ခြင်း၊ မှတ်ပုံတင်စာချုပ်တစ်ရပ်အား ဖျက်သိမ်းပေးစေလိုပါက ဖျက်သိမ်းပေးစေလိုကြောင်းကို ကာလစည်းကမ်းသတ်ဥပဒေအရ သတ်မှတ်ထားသည့် မှတ်ပုံတင်စာချုပ် ချုပ်ဆိုနေသည့်နေ့မှစတင်ရေတွက်လျှင် သက်တမ်းကာလ(၆)နှစ်အတွင်း ဥပဒေနှင့်အညီ တရားစွဲဆိုခဲ့မှုမရှိခြင်း၊ စွန့်လွှတ်သည့်နေ့ကတည်းက ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေအရ တရားဝင်လက်ရောက် လွှဲပြောင်းရယူခဲ့ခြင်းတို့ကြောင့် လူကြီးမင်းတို့အနေဖြင့် မိမိ၏အခွင့်အရေးနှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များနှင့်တိုင်ပင်၍ ရပ်တန့်သင့်သည်ဟု ယူဆပါက ဆောလျင်စွာ ရပ်တန့်နိုင်စေရန် စေတနာကောင်းဖြင့် အသိပေးအပ်သည်။

သို့ဖြစ်ရာ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေများ၏ ပိုင်ရေးပိုင်ခွင့်ကို ထိပါးခြင်းမပြုရန် အထူးသတိပေးလိုက်သည်။ လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက လူကြီးမင်းတို့၏ ပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသော ကျွန်ုပ်မိတ်ဆွေ၏ နစ်နာမှုအဝဝအပေါ် ၎င်း၏အခွင့်အရေးအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာတရားရုံးတော်များတွင် ရာဇဝတ်ကြောင်း၊ တရားမကြောင်းများအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ ဆောင်ရွက်ခဲ့ရပါက ကုန်ကျစရိတ်အဝဝနှင့် ကျွန်ုပ်မိတ်ဆွေ၏ နစ်နာမှုအားလုံးအတွက် အထွေထွေနစ်နာကြေး၊ အထူးလျော်ကြေးတို့အပါအဝင် တရားမနစ်နာမှုအတွက် ရထိုက်သော အခွင့်အရေးအဝဝတို့အား လူကြီးမင်းအပေါ်၌ တာဝန်ထားရှိမည်ဖြစ်ကြောင်း တစ်ပေါင်းတည်း သတိပေးကြေညာလိုက်သည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029 ၊ ladylawyer. khinninisoe @ gmail. com**

## အိမ်ဆောက်မိန့် ကြော်ငြာစာ

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဆောက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | ရပ်ကွက် | အကွက် | ဦးပိုင် | အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်ခင်လုံး | ၉/သပက(နိုင်)၀၀၁၉၁၅ | အောင်မြေသာစံ | အောင်မြေသာစံ | ၁၂၃ | ၁၁-ဆ | RC - ၃ ထပ်+ ခြံစည်းရိုး |
| ၂။ | ဦးသော်ဇင်မြင့် | ၉/အမဇ(နိုင်)၀၂၃၂၀၆ | မဟာအောင်မြေ | ဒေးဝန်းအရှေ့ | ၂၉၀ | ၄ | RC - ၄ ထပ် |
| ၃။ | ဦးကျော်သောင်း(ပါ-၃) | ၉/မရတ(နိုင်)၀၆၉၃၃၆ | မဟာအောင်မြေ | စကြာနွယ်စဉ် | ၆၇၇ | ၂၄ | RC - ၃ ထပ် |
| ၄။ | ဒေါ်ဆွေဆွေဦး(ပါ-၂) | ၉/မရတ(နိုင်)၀၁၇၇၇၅ | မဟာအောင်မြေ | ဟေမမာလာတောင် | ၆၆၁ | ၂၃-က | ခြံစည်းရိုး |
| ၅။ | ဦးဇော်ဦး | ၅/မရန(နိုင်)၁၉၀၄၈၄ | ချမ်းမြသာစည် | မြို့သစ်(၄) | ဃ-၃ | ၇၁ | SS - ၂ ထပ် |
| ၆။ | ဦးအားချုန် | ၁၃/လရန(နိုင်)၁၀၀၄၇၄ | ချမ်းမြသာစည် | မြို့သစ်(၁) | ဏ--၅ | ၅၈ | RC - ၄ ထပ် |
| ၇။ | Fong Kwe Yin (ခ)ယဉ်ယဉ်အေး | ၁၃/ပလတ(ပြု)၀၀၀၀၇၀ | ပြည်ကြီးတံခွန် | ရ | H-၂၁၄ | ၆ | SS - ၂ ထပ် |
| ၈။ | ဒေါ်ခင်မိုးမိုးရည် | ၉/တတဉ(နိုင်)၁၂၃၄၉၉ | ပြည်ကြီးတံခွန် | စ | တတ-၁၅ | ၄၈-ခဲစင်း | RC - ၃ ထပ် |
| ၉။ | ဦးကျင်စိန် | ၉/မရမ(နိုင်)၀၉၂၇၉၇ | ပြည်ကြီးတံခွန် | ၁ | ဿ-၇ | ၆+၇ | SS - ၂ ထပ် (၂)လုံး |
| ၁၀။ | ဒေါ်ခင်တုတ် | ၁/မညန(နိုင်)၁၅၁၆၅၂ | ပြည်ကြီးတံခွန် | က | လ-၈ | ၇၄-ခဲ | RC - ၃ ထပ် |
| ၁၁။ | ဒေါ်ခင်ကျော့ယဉ် | ၂/လကန(နိုင်)၀၁၈၅၀၅ | ပြည်ကြီးတံခွန် | ချမ်းမြသာယာ | ၉၀၆ $\frac{ထ}{၄၁၀}$ | ၁၄ | SS - ၂ ထပ် |
| ၁၂။ | ဦးဝင်းအောင် | ၅/ကဘလ(နိုင်)၁၃၀၀၂၆ | ပြည်ကြီးတံခွန် | စ | ထထ-၁၃ | ၉ | RC - ၄ ထပ် |
| ၁၃။ | ဦးချစ်ကြဲ | ၅/တဘလ(နိုင်)၀၃၈၉၉၁ | ပြည်ကြီးတံခွန် | ရ | H-၂၃၇ | ၇+၈ | SS - ၁ ထပ်ပေါ် ၁တိုး |
| ၁၄။ | ဒေါ်ခင်လေးနွယ် | ၉/မတရ(နိုင်)၁၂၆၈၅၂ | ပြည်ကြီးတံခွန် | ဆ | ဓဓ-၈ | ၄၄-ခဲစင်း | RC - ၃ ထပ် |
| ၁၅။ | ဒေါ်သီတာမြင့် | ၉/မဟမ(နိုင်)၀၀၀၈၄၄၆ | ပြည်ကြီးတံခွန် | ဗ | နန-၁၂ | ၃၁+၃၂ | SS - ၂ ထပ် |

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အိမ်ဖျက်မိန့် ကြော်ငြာစာ

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဖျက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | ရပ်ကွက် | အကွက် | ဦးပိုင် | အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်ခင်လုံး | ၉/သပက(နိုင်)၀၀၁၉၁၅ | အောင်မြေသာစံ | အောင်မြေသာစံ | ၁၂၃ | ၁၁-ဆ | နံကပ် (၁)ထပ်ဖျက် |
| ၂။ | ဦးစိုးမြင့် | ၉/မရတ(နိုင်)၁၀၆၁၁၉ | မဟာအောင်မြေ | ရဲမွန်တောင် | မ-၆၂(-၁) | ၁+၂ | SS - ၁ ထပ်ဖျက် |
| ၃။ | ဦးအားချုန် | ၁၃/လရန(နိုင်)၁၀၀၄၇၄ | ချမ်းမြသာစည် | မြို့သစ်(၁) | ဏ-၅ | ၅၈ | နံကပ် (၂)ထပ်ဖျက် |

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-ခ/၄၇)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ်(၁၂/ဥကတ(နိုင်)၀၂၃၀၃၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၁၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး(၉/မရတ(နိုင်)၀၂၈၅၄၅)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ လမ်း ၄၀နှင့် ၄၁ လမ်းကြား၊ လမ်း ၆၀နှင့် ၆၁လမ်းကြားတွင် နေထိုင်သူ ဒေါ်နန်းနုထွေး(ဘ)ဦးသိန်းဟန်(၉/မဟမ(နိုင်)၀၀၀၂၃၄)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်။

ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်(စ/၃၉၉(ခ)) ဦးစိန်ဝင်း အမည်ပေါက် မြေနေရာချထားပေးသော မြေကွက် ဧရိယာ ပေ(၃၀×၄၀)၏ အစိတ်အပိုင်းဖြစ်သော အရှေ့ဘက်ခြမ်း ဧရိယာ (၁၅ပေ× ပေ ၄၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အဆောက်အအုံ၊ ရေ+မီး(မီတာ)အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူဟု အဆိုပြုသူ ဦးကျော်ကျော်အေး(ဘ)ဦးဝင်းအောင်(၉/ပသက(နိုင်)၀၇၃၁၀၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တဒေသပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်သွယ်သွယ်စန်း (LLB,D.B.L,D.I.L)** — **(တရားလွှတ်တော်ရှေ့နေ)**
**ဦးအောင်ကျော်ထွန်း (LL.B)** — **(အထက်တန်းရှေ့နေ)**

**၅၆လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၂၅၉၁၁၅၃၃၃၊ ၀၉- ၉၇၇၀၂၇၈၇၁**

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ (၇-၇-၂၀၂၄)ရက် Mingalar Mandalay Hotel တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအား ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်မိဘဆွေမျိုးများ၊ ညီအကိုမောင်နှမများ၊ ဆရာ၊ ဆရာမများ ခင်မင်ရင်းနှီးပါသော လုပ်ဖော်ကိုင်ဖက်၊ သူငယ်ချင်းများ မန္တလေးမြို့တင်သာမက နယ်ဝေးကပါ ကြွရောက်ချီးမြှင့်အားပေးကြပါသော ဆွေမျိုး၊ မိတ်ဆွေများ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော 'ဦးမင်းကို+ဒေါ်မော်မော်'(ပိုးနန်းတော် ပိုးထည်တိုက်)၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးကျော်ကျော်+ဒေါ်ချိုချို(ရွှေနဂါးမင်း ရွှေဆိုင်)၊ မင်္ဂလာပန်းကြဲအဖြစ် ဆောင်ရွက်ပေးပါသော မမေရတီကျော်၊ မသဘောဖြူ၊ မမနော‌ဖြူ၊ မင်္ဂလာပန်းကုံးကိုင်အဖြစ် ဆောင်ရွက်ပေးပါသော မခင်သက်ပိုင်ဖူး၊ မင်္ဂလာလက်စွပ် ဗန်းကိုင်အဖြစ် ဆောင်ရွက်ပေးပါသော မယွန်းရွှေဇင်ခိုင်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မဇင်နွယ်ခိုင် (MC Queen)၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော စောင်း အေးစုကျော်၊ မင်္ဂလာမောင်နှံအတွက် မိတ်ကပ်နှင့်ဆံပင် အလှပဆုံးပြင်ဆင်ခြယ်သပေးပါသော မိတ်ကပ်နန်းထက်ထက်မွန်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးချုပ်လုပ်ပေးပါသော ဒီဇိုင်နာ သူဇာတင်အောင်၊ မင်္ဂလာပန်းနှင့် မီးအလှဆင်ပေးပါသော Top Angle Ma Boke၊ Photo & Video အကောင်းဆုံးရိုက်ကူးပေးပါသော Together Wedding Studio, Forever Wedding Studio, Pro Studio, ကိုသန့်ဇင်၊ ပွဲအစအဆုံးစိတ်အားထက်သန်စွာကူညီပေးကြသော သူငယ်ချင်းများဖြစ်ကြသည့် မယွန်းရွှေဇင်ခိုင်၊ မခင်ဝင့်ဝါ၊ မနန်းနန္ဒာသိန်း၊ အစားအသောက်ဖြင့် တည်ခင်းဧည့်ခံကျွေးမွေးရာတွင် တာဝန်ယူဆောင်ရွက်ပေးခဲ့သော Mingalar Mandalay Hotel ဝန်ထမ်းမိသားစုနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

| နှစ်ဖက်သော မိဘများ | မင်္ဂလာမောင်နှံ |
|---|---|
| ဦးခင်မောင်ဇော် + ဒေါ်သိန်းလှ | ဒေါက်တာသန်းဇော်ဌေး + မသီဂီသန်းဝင်း(LL.B) |
| ဦးသန်းဝင်း + ဒေါ်တင်တင်အုန်း | |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်၊ အကွက်အမှတ်(၄၃၅)၊ ဦးပိုင်အမှတ်(၁၈/၄)၊ အရှေ့အနောက်(၄၅ ပေ)၊ တောင်မြောက်(၂၅ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နံကပ်သွပ်မိုး(၂)ထပ် အဆောက်အအုံ၊ သွယ်တန်းထားသော လျှပ်စစ်မီတာ၊ ရေမီတာ ဆက်လက်အသုံးပြုခွင့်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ဆိုင်သူထံမှ အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး ဒေါ်မမြင့်(ဘ)ဦးခင်မောင်(၁၃/မဆတ(နိုင်)၀၂၀၅၄၀)က ရောင်းချရန်ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးမင်းကျော်၊ ဦးအေးမြင့်မော်တို့မှ ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်မင်း B.Sc(Chem;) , Dip in Business Law , H.G.P အထက်တန်းရှေ့နေ (စဉ်–၂၀၀၅၁)**

**လမ်း၈၀နှင့် ၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၁)၊ ဦးပိုင်အမှတ်(၈၇-င)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးကျော်သိန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ လက်ရှိပိုင်ရှင် ဒေါ်မင်းမင်းမာ(ဘ)ဦးကျော်သိန်း (၉/မရတ(နိုင်)၀၁၁၇၂၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန်းကြူကြူသင်း**
**တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ဝင်းမိုမိုအောင် | ဦးကျော်ဇင်ဝင်း | ဒေါ်မီမီဝင်းထွန်း |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**၆၈လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၂၇၄၀၈၇၅၊ ၀၉-၆၅၅၂၀၂၂၂၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ ဦးမောင်မောင်အေး အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း(ပေ ၂၀ × ပေ ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၁၀၈၁၂/၂၀၂၃)အရ လက်ခံရယူပိုင်ဆိုင်ခဲ့၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ချိုချိုဦး(အဘ)ဦးသိန်းအောင်(၉/အမရ(နိုင်)၀၀၀၄၄၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/၇၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)၊ မြို့သစ်(၂)ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၃၁၁၀၇၆၀**

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မင်းမင်းစိုး(ဘ)ဦးစိုးကြိုင်(၉/မနမ(နိုင်)၁၀၈၂၅၉) အမည်ဖြင့် ချထားပေးသော မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ (၄)ခန်းတွဲ (၆)ထပ်၊ မမ(၂၈)၊ တိုက်(၄၆)၊ အခန်း(၁၄)(တတိယထပ်)တိုက်ခန်းမှာ (၂၉-၅-၂၀၂၄)ရက်တွင် ဧရာဝတီဘဏ်လီမိတက် မန္တလေးဘဏ်ခွဲ(၂၀)တွင် ချေးငွေစနစ်ဖြင့် ငွေများ အပြေအကြေပေးသွင်းပြီး ဖြစ်ပါသည်။ အဆိုပါအခန်း၏ စလစ်ကဒ်ပြားမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် စလစ်ကဒ်ပြားမိတ္တူဖြင့် တိုက်ခန်းစာချုပ်(စာအုပ်)အား ထုတ်ယူခြင်း၊ အမည်ပြောင်း လျှောက်ထားခြင်းများပြုလုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်မင်းမင်းစိုး(ဘ)ဦးစိုးကြိုင်(၉/မနမ(နိုင်)၁၀၈၂၅၉) ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၇၉၇၄၇၃၄၉၁

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဘူးကုန်း၊ ကုန်းတန်းလေးရပ်ကွက်၊ ကွင်းအမှတ်(၄၉၄)၊ ဦးပိုင်အမှတ်(၆၆/၁)၊ ဧရိယာ(၀ ဒသမ ၉၂)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အရှေ့လားသော်-ဒေါ်မျိုးစုခိုင်၊ အနောက်လားသော်-လမ်း၊ တောင်လားသော်- V-7၊ မြောက်လားသော်- V-9 စသည့် နယ်လေးရပ်အတွင်းရှိ (ပေ ၂၀ × ပေ ၄၀)မြေကွက်နှင့် မြေပေါ်ရှိ အာရ်စီ(၂)ထပ်ခွဲ အဆောက်အအုံနှင့် ရေ+မီး အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်မာ(ဘ)ဦးအောင်သိန်း (၅/ကလထ(နိုင်)၀၀၁၂၄၉)၊ ကိုဇင်မျိုးမောင်(ဘ)ဦးကြည်မောင်(၅/ကလထ(နိုင်)၁၆၂၄၃၈)၊ မအိသက်မောင်(ဘ)ဦးကြည်မောင်(၅/ကလထ(နိုင်)၁၉၀၃၆၈)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေအပြေအကြေပေးချေ၍ ဝယ်ယူထားပါသည်။

ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော မှတ်ပုံတင်စာချုပ်နှင့် အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| ဦးအောင်ကိုမြတ် (LL.B) (စဉ်–၉၂၆၅) | ဒေါ်သီတာအေး (LL.B) (စဉ်–၉၆၀၉) |
|---|---|

**တရားလွှတ်တော်ရှေ့နေများ**
**၈၁လမ်းနှင့် ၁၃လမ်းထောင့်၊ အကွက်(၅၂)၊ ပြည်လုံးချမ်းသာရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၇၉၅၃၉၃၉၉၂**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-ခ/၄၈)၊ ၄၇ လမ်းနှင့် ၄၈လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်(၁၂/ဥကတ(နိုင်)၀၂၃၀၃၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၁၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး(၉/မရတ(နိုင်)၀၂၈၅၄၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ဖခင်အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းမြန်မာ ကိုယ်ပိုင်အထက်တန်းကျောင်း Grade(10)တွင် ပညာသင်ကြားနေသော မောင်အာကာကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့်မှတ်ပုံတင်စာရင်းအရ ဦးကျော်စိုးဝင်း ဖြစ်ပါကြောင်း။

ဦးကျော်စိုးဝင်း(၅/မလန(နိုင်)၀၂၇၇၈၉)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး၊ စစ်ဘက်ဆိုင်ရာများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှအရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကယားပြည်နယ်အစိုးရအဖွဲ့က နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းအခမ်းအနား ကျင်းပ

လွိုင်ကော် ဇူလိုင် ၁၆

ကယားပြည်နယ် အစိုးရအဖွဲ့က နေရပ်ပြန် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်ခန်းမ၌ ကျင်းပသည်။

**အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် တစ်ရပ် ဖြစ်ပေါ်လာစေရေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်နှင့်အညီ ပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်း



ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးအဆင့်မြှင့်တင်ရေးစသည့် ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီပြီး သာတူညီမျှရှိသည့် ကျန်းမာရေးလွှမ်းခြုံမှုစနစ်တစ်ရပ် ဖြစ်လာစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ပြည်သူများ ကုန်ကျမှုသက်သာစေပြီး အားလုံး လက်လှမ်းမီ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေး အတွက် တာဝန်ရှိသူများနှင့် ပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစည်သူက ကျန်းမာရေး အသိပညာပေး ဟောပြောကာ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဦးရဲမိုးဦးက သန့်ရှင်းသော အစားအသောက်နှင့် သောက်ရေ အကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကြပြီး ဝမ်းပျက်ဝမ်းလျှောအကြောင်း သိကောင်းစရာပညာပေး Video Clip နှင့် ကလိုရင်းဆေးခတ်ခြင်း သရုပ်ပြ Video Clip တို့ကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြို့နယ်ခန်းမ၌ ကယားပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် နေရပ်ပြန် ပြည်သူများအား ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးနှံခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာ ဝန်ထမ်းများ နေထိုင်လျက်ရှိသည့် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းအိမ်ရာဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အိမ်ရာဝင်းနှင့် သူနာပြုသင်တန်းကျောင်းဝင်းအတွင်း ကလိုရင်းဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် Bleaching Powder ဖြူးခြင်းစသည့် ကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုအားပေးသည်။

ထို့အပြင် လွိုင်ကော်မြို့နယ်ခန်းမ၌ ဆေးထိုးစုရပ်များ ဖွင့်လှစ်၍ ရုံးပိတ်ရက်မှအပ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကိုဗစ် - ၁၉ ကာကွယ်ဆေးအား နေ့စဉ်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# နိုင်ငံတကာစိန်ခေါ် ပွဲနှစ်ပွဲပါဝင်သည့် TGL# 7 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပမည်




ရန်ကုန် ဇူလိုင် ၁၆

The Great Lethwei က ကျင်းပမည့် နိုင်ငံတကာစိန်ခေါ်ပွဲနှစ်ပွဲပါဝင်သည့် TGL# 7 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဇူလိုင် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းလက်ဝှေ့ပြိုင်ပွဲတွင် တွဲဆိုင်းရှစ်ဆိုင်းပါဝင်ပြီး သုံးမိနစ်ထိုးနှစ်မိနစ်နားစနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ကာ ခေါင်းတွဲဆိုင်းအဖြစ် မစ်ဒယ်ဝိတ်တန်းတွင် ကျော်စွာဝင်းနှင့် ဘရတ်ပတ်စ်တိုး (အမေရိကန်)၊ ဒုတိယခေါင်းတွဲဆိုင်းအဖြစ် ဝယ်လ်တာဝိတ်တန်းတွင် ရန်နိုင်ထွန်းနှင့် နီရန်(ထိုင်း) တို့ ပါဝင်ထိုးသတ်ကြမည်ဖြစ်သည်။

ထို့အတူ လိုက်ဝိတ်တန်းတွင် အောင်ထက်ဟိန်းနှင့် သွေးလင်းထက်၊ ထူးစေးဝါးနှင့်ကျားရိုင်း၊ အာဖရိကနှင့်မဟာသွေး၊ ဝယ်လ်တာဝိတ်တန်းတွင် စောဘဟိန်းနှင့် ရဲလင်းဦး၊ လိုက်ဝယ်လ်တာဝိတ်တန်းတွင် လော်ကွာဒူးနှင့် စောသန်းစိုး၊ ဖယ်သာဝိတ်တန်းတွင် ရဲမင်းထက်နှင့် လာကပေါ်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မြန်မာ့လက်ဝှေ့စည်းမျဉ်းများနှင့်အညီ ကျင်းပမည်ဖြစ်ပြီး ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီခွဲတွင် CANAL+ SPORTS 1 ရုပ်သံလိုင်းနှင့် CANAL+APP တို့မှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုထက်

# အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲဝင်ရန် မြန်မာယူ-၁၉ အသင်းထွက်ခွာ

အင်ဒိုနီးရှားနိုင်ငံ၊ ဆူရာဘာယားမြို့တွင် ကျင်းပမည့် 2024 AFF U-19 Boys Championship ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဇူလိုင် ၁၈ ရက်တွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် လာအိုအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဩစတြေးလျအသင်းနှင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းကို အုပ်ချုပ်/နည်းပြ အဖွဲ့ဝင်(၉)ဦး၊ ကစားသမား(၂၃)ဦး၊ စုစုပေါင်း (၃၂)ဦးဖြင့် ဖွဲ့စည်းထားသည်။

(NGB)

သင့်သွေးဖြင့် အသက်ကယ်ပါ။